# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလကွယ် ၊ ဗုဒ္ဓဟူးနေ့ ၊ (19-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၀၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ ပြည်သူ့အကျိုး ရှက်သယ်ပိုးမည့် အားကိုးထိုက်သူ ရွေးကြစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ ကျင်းပ



နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

ရန်ကုန် နိုဝင်ဘာ ၁၈

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စာမျက်နှာ ၁၈ ကော်လံ ၁ ☞

## ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC – 1)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းနေ့နံနက် ၉ နာရီ မိနစ် ၂၀ မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV Parliament၊ MWD HD၊ MWD Variety HD Channel၊ Readers channel၊ channel 9 နှင့် Up to Date Channel၊ မြန်မာ့အသံရေဒီယို၊ သဇင် FM၊ MOI Website၊ MOI Youtube၊ MRTV App အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက် (LIVE) ရိုက်ကူးထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

(သတင်းစဉ်)

**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ မအူပင်မြို့နယ်သို့ ရောက်ရှိ လေးအိမ်စုကျေးရွာ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်**

စာမျက်နှာ - ၁၆

**၂၀၂၅ ခုနှစ် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့တွင် ပုလဲအတွဲ ၂၂၄ တွဲရောင်းချရ**

စာမျက်နှာ - ၁၇




ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၉ ရက်

အယ်ဒီတာ့အာဘော်

# မွန်ပြည်နယ် ဒေသစီးပွားပိုမိုဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များ ပေါင်းစုဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်ပါသည်။ ထိုပေါင်းစုဖွဲ့စည်းထားသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မွန်ပြည်နယ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ မွန်ပြည်နယ်သည် ရာသီဥတုကောင်းမွန်မျှတပြီး တောတောင်မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သောသစ်တောများ၊ သမိုင်းယဉ်ကျေးမှုအမွေအနှစ်များရှိရာ ပြည်နယ်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားဘဝ အဆင်ပြေစေရေးအတွက် လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်၏ ဒေသတွင်းကုန်စည်စီးဆင်းမှုလွယ်ကူလျင်မြန်စေရေးအတွက် လမ်း၊ တံတားများ၊ အခြေခံအဆောက်အအုံများကို ပြည်သူများအတွက် တည်ဆောက်ပေးထားသော်လည်း အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုများကြောင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများ အနှောင့်အယှက်ဖြစ်စေလျက်ရှိသကဲ့သို့ ပြည်သူများ၏ပိုင်ဆိုင်မှုများလည်း ဆုံးရှုံးခဲ့ရသည်။ ထိုသို့ အကြမ်းဖက်သမား၊ အဖျက်သမားများ၏ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရမှုများကို နိုင်ငံတော်က ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေရသဖြင့် ဒေသတွင်းပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် နှောင့်နှေးနေရခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မွန်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား နိုဝင်ဘာလ ၁၆ ရက်တွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် **"နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်စေရေးဖြစ်သင့်ဖြစ်ထိုက်သည့်နည်းလမ်းများနှင့် အကြံပြုချက်များ၊ လမ်းညွှန်ချက်များပေးခဲ့ပြီး ဖြည့်ဆည်းပေးရန်လိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်း၏အသီးအပွင့်များကို အမှန်တကယ်အကျိုးခံစားရမည်မှာ ၎င်းဒေသတွင်နေထိုင်သည့်ဒေသခံများပင်ဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီ၏လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်မှု ဒေသတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် နိုင်ငံ့စီးပွားရေးအားသည်လည်း ကောင်းလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ်အနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်စေရေးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်အလေးအနက်ထားတိုက်တွန်းမှာကြားလိုကြောင်း"** အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရသည် မော်လမြိုင်ကမ်းနားလမ်းတစ်လျှောက် ပြည်သူများလွတ်လပ်စွာအပန်းဖြေအနားယူနိုင်ရေးအတွက် လူသွားလမ်းအဆင့်မြှင့်တင်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်သည့်နေရာများကို တည်ဆောက်ပေးသွားမည်ဖြစ်သည့်အပြင် မော်လမြိုင်လေဆိပ်တိုးချဲ့နိုင်ရေးနှင့် ပြည်တွင်းလေကြောင်းလိုင်းများသည် မော်လမြိုင်လေဆိပ်သို့ ဆင်းသက်ပြေးဆွဲလျက်ရှိပြီး ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် မီးရထားပို့ဆောင်မှုကဏ္ဍမြှင့်တင်နိုင်ရေးအတွက်လည်း ရထားလမ်းများအဆင့်မြှင့်တင်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် မော်လမြိုင်မြို့သည် ယခုထက်ပို၍ ဖွံ့ဖြိုးသာယာစည်ပင်လာမည်မှာ ဧကန်ပင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မွန်ပြည်နယ်အတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအနေဖြင့် မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့၏လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ရေးအပြင် ဒေသစီးပွားတိုးတက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကိုအခြေခံ၍ အတူတကွတက်ညီလက်ညီဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၃၉
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | လူကုန်ကူးခံရသူများအနေဖြင့် | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ | အကူအညီလိုအပ်ပါက | ရွှေကျင်သံလမ်းအနီး၊ |
| ကမ္ဘာအေးဘုရားလမ်း၊ | ဆက်သွယ်အကူအညီ | ဘုန်းတော်တိုးရပ်၊ |
| မရမ်းကုန်းမြို့နယ်။ | တောင်းခံနိုင်ပါသည်။ | အောင်မြေသာစံမြို့နယ်။ |

## ညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးစီးမှုအထိမ်းအမှတ် ပန်း ၅၀၀၀၊ ဆီမီး ၅၀၀၀ ကပ်လှူထွန်းညှိပူဇော်ပွဲကျင်းပ



**ညောင်ဦး နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့တည်ထားခဲ့သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီးစီးမှု (ရွှေပြည့်အောင်ပွဲ) အထိမ်းအမှတ် ပန်း ၅၀၀၀၊ ဆီမီး ၅၀၀၀ ကပ်လှူထွန်းညှိပူဇော်ပွဲကို နိုဝင်ဘာ ၁၇ ရက် ညပိုင်းက အဆိုပါရွှေစည်းခုံစေတီတော်မြတ်ကြီး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဝတ်အသင်းများ၊ အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့သည် ရွှေစည်းခုံစေတီတော်မြတ်ကြီးကို လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ဘုရားဖူးပြည်သူများနှင့်အတူ ပန်း ၅၀၀၀၊ ဆီမီး ၅၀၀၀ ကပ်လှူထွန်းညှိ ပူဇော်ခဲ့ကြရာ ဝတ်အသင်းများကလည်း ဝတ်ရွတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

ယခု ရွှေစည်းခုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူခြင်းသည် ၁၀ ကြိမ်မြောက် ဖြစ်ကြောင်း သတင်းရရှိသည်။

မျိုးကျော်

## တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ရွှေဘို နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၉၁၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၈၂ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပဲတီစိမ်း ၁၉၁၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးခဲ့ပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဝါးခွကျေးရွာအုပ်စု ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို နိုဝင်ဘာ ၁၇ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၁ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝါးခွကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၅ ဒသမ ၄ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို ငွေကျပ် ၃၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေး ချမ်းမြသာစည်မြို့နယ် အကွက် (၈၅၅)နေ ကိုထွန်းအောင်-မမိမိခိုင်၊ ကိုဇော်နိုင်ဦး-မမိမိချို မိသားစုတို့က တစ်နေ့တာဆွမ်းအလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့်ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့် တို့က လက်ခံရယူစဉ်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၂၀၉၉၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ဘုတလင် နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ၂၀၉၉၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၃၁၃၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ တတိယပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၀၉၉၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ မိုးနှမ်းဧက ၅၃၁၃၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေကို လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၂၀၉၉၅ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် နှမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်း စားသုံးဆီဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွား ဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် နှမ်းကို အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# အမရပူရမြို့နယ် ဘနော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘနော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ပပအေးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၇၄၄ သိန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အသေးစားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၈၄ သိန်း၊ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် သိန်း ၁၂၀၊ အသေးစား လုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ်သိန်း ၅၄၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၇၄၄ သိန်း ထုတ်ချေးပေးထားကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းဆွေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင်ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ဒီဘက်ကနေ ဧည့်မထဆန်တင်းရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ဧည့်မထဆန် အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ ပြီးခဲ့တဲ့လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဧည့်မထဆန် အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းက အဓိကထား တင်ပို့ရောင်းချနေပါတယ်" ဟု မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းဆွေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ဧည့်မထဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၈၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# စစ်ကိုင်းထူပါရုံကျောက်စာ

မောင်သာ(ရွှေဟောင်းသုတေသန)

ထူပါရုံကျောက်စာရုံသည် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံစေတီ၏မြောက်ဘက် မဟာရံတံတိုင်းအတွင်း၌တည်ရှိသည်။ ထူပါရုံကျောက်စာရုံတွင်ထိန်းသိမ်းပြသထားသည့်ကျောက်စာများအနက် ကျောက်စာတိုင်အမှတ် (၂၉/က) သည် ထူပါရုံကျောက်စာဟုအမည်တွင်သည်။ ထိုကျောက်စာတိုင်ကို အင်းဝဘုရင် နရပတိ (၁၄၄၂-၁၄၆၈) က သက္ကရာဇ် ၈၀၆ ခုနှစ် ( အေဒီ ၁၄၄၄ ခုနှစ်) တွင် ရေးထိုးစိုက်ထူခဲ့သည်။

ထူပါရုံကျောက်စာသည် နှစ်မျက်နှာထိုးကျောက်စာဖြစ်၍ ကျောက်စာနှစ်မျက်နှာစလုံး၏ ထိပ်ပိုင်းတွင် ပါဠိဂါထာကို အင်းကွက်တွင် စကားလုံးတစ်လုံးစီ ထည့်သွင်းရေးထိုးထားသဖြင့် ထူးခြားသော ကျောက်စာတစ်ချပ်ဖြစ်သည်။ ထို့ကြောင့် ထိုကျောက်စာသည် လောကုတ္တရာရေးတွင် လောကီယုံကြည်မှုပါဝင်နေသည်ဟုပြောလိုကြောင်း သမိုင်းပညာရှင် ဒေါက်တာ တိုးလှက သုံးသပ်ခဲ့သည်။

ထူပါရုံဘုရားကျောက်စာသည် အင်းဝခေတ်နှင့် ဆက်စပ်သည့်သမိုင်းကြောင်းရာတချို့ကို ရေးထိုးထားသည့် မှတ်တမ်းတစ်ခုဖြစ်သဖြင့် မြန်မာ့သမိုင်းတွင် အရေးပါသောကျောက်စာတစ်ချပ်ဖြစ်လာခဲ့သည်။

**အင်းဝဘုရင်နရပတိ**

နရပတိသည် ပထမအင်းဝခေတ်၏ ဒသမမြောက်ဘုရင်ဖြစ်ပြီး ထူပါရုံစေတီကိုတည်ခဲ့သဖြင့် မြန်မာရာဇဝင်ကျမ်းများတွင် နရပတိကို ထူပါရုံဒါယကာ နရပတိဟုလည်း ရေးသားဖော်ပြကြသည်။

နရပတိသည် အင်းဝဘုရင် မိုးညှင်းမင်းတရား (၁၄၂၇-၁၄၄၀)၏ သားတော်အငယ်ဖြစ်သည်။ ၁၄၄၀ ပြည့်နှစ်တွင် မိုးညှင်းမင်းတရား နတ်ရွာစံပြီးနောက် သားတော်အကြီး မင်းရဲကျော်စွာ (၁၄၄၀- ၁၄၄၂)က အင်းဝထီးနန်းကို ဆက်ခံခဲ့သည်။ မင်းရဲကျော်စွာသည် သုံးနှစ်သာ ထီးနန်းစံပြီး ၁၄၄၂ ခုနှစ်တွင် နတ်ရွာစံသဖြင့် အင်းဝရှိ မှူးမတ်ဗိုလ်ပါအပေါင်းက မင်းရဲကျော်စွာ၏သမက် သီဟပတေ့ကို အင်းဝထီးနန်းကိုဆက်ခံရန် ဦးစွာပင့်လျှောက်ကြသည်။ ထိုအချိန်တွင် သီဟပတေ့က မိုးကောင်းသို့ စစ်တိုက်ရန်ရောက်ရှိနေကာ မိုးကောင်းသို့ လာရောက်ပြီး ထီးနန်းဆက်ခံရန် လျှောက်တင်ကြသူများကို "ငါသည် မင်း၏သားတော်၊ ညီတော်မဟုတ်ချေ။ မင်း၏စည်းစိမ်ကိုလည်း အလိုမရှိ၊ ငါတို့အရှင် သားတော်အငယ်ပြည်မင်း သီဟသူကို ချီးပင့်ကြ၍ မင်းမြှောက်ကြလေ"ဟုဆိုကာ အင်းဝထီးနန်းကို လက်ခံရန်ငြင်းပယ်ခဲ့သည်။

ထို့ကြောင့် မှူးတော်မတ်တော်များသည် ပြည်မြို့ကိုစားနေသည့် သားတော်သီဟသူ(ပြည်မင်းသား)ထံသွား၍ အင်းဝထီးနန်းကိုဆက်ခံရန် လျှောက်တင်ခဲ့ကြသည်။ သီဟသူသည် အင်းဝသို့ရောက်လျှင် ပညာရှိများနှင့်တိုင်ပင်ပြီး သီရိတြိဘဝနာဒိတျာ ပဝရနရပတိ မဟာဓမ္မရာဇာဓိပတိဘွဲ့မည်ကိုခံယူကာ သက္ကရာဇ် ၈၀၄ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက်တွင် နန်းတက်ခဲ့ပြီး နရပတိဟုထင်ရှားခဲ့သည်။

နရပတိထီးနန်းတက်သည့် နေ့မှာပင် ယောက်ဖတော် မိုးညှင်းမင်းသီဟပတေ့က မိုးကောင်းကို အောင်မြင်ပြီး ၁၂ ရက်အကြာတွင် သိုဟန်ဘွားကို သားမယားနှင့်တကွ နရပတိထံဆက်သခဲ့သည်။

**လောကမှန်ကူ ထူပါရုံစေတီ**

နရပတိလက်ထက်တွင် တရုတ်နိုင်ငံနှင့် စစ်ရေးပြဿနာများဖြစ်ခဲ့သော်လည်း သက္ကရာဇ် ၈၀၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက် သောကြာနေ့တွင် ထူပါရုံဘုရားနှင့်ကျောင်း၊ ပိဋကတ်တည်ထားဆောက်လုပ်ကြောင်း တွင်းသင်းမြန်မာရာဇဝင်သစ် အောက်ခြေမှတ်စုတွင် ဖော်ပြထားသည်။

အင်းဝဘုရင် နရပတိသည် သက္ကရာဇ် ၈၀၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက် (၁၄၄၄ ခုနှစ် အောက်တိုဘာ ၂၃ ရက်) သောကြာနေ့တွင် ဥဘဏ်တော်အတောင် ၁၃၀ မြင့်သည့် ထူပါရုံစေတီကို လောကမှန်ကူဘွဲ့တော်အမည်ဖြင့် ပန္နက်တင်ကာ စတင်တည်ခဲ့သည်။ စေတီ၏လုံးပတ်သည် ၂၅၄ တောင်ရှိ၍ ဖိနပ်တော်သည် ၈၄ တောင်နှင့် နှစ်မိုက်ရှိကြောင်း ထူပါရုံစေတီသမိုင်းတွင် ဖော်ပြထားသည်။ နရပတိမင်းသည် ထူပါရုံစေတီကို ၁၀ နှစ်ကြာတည်ခဲ့ရပြီး ၁၄၅၅ ခုနှစ်တွင် ပြီးစီးအောင်မြင်သဖြင့် ရွှေထီးတင်ကာ ရေစက်သွန်းချခဲ့သည်။

ထူပါရုံစေတီထီးတင်ပွဲနှင့်စပ်လျဉ်းသည့် ထူးခြားသော အထောက်အထားတစ်ရပ်ကို ဦးကုလားပြုစုသည့် ရာဇဝင်တော်ကြီးတွင် မှတ်တမ်းတင်ခဲ့သည်။ ရာဇဝင်ကျမ်းပါ စာသားများကို "စစ်ကိုင်းအရပ်၌ ထူပါရုံဘုရားထီးတင်သောအခါ ငါးဆောင်သော ပြာသာဒ် မဏ္ဍပ်တို့ကိုဆောက်စေ၍ ဧရာဝတီမြစ်ကို စစ်အင်္ဂါလေးပါးနှင့်တကွ များစွာသော ရဟန်းအပေါင်းတို့ လျှောက်သွားရအောင် တံတားကြီးပြုတော်မူပြီးလျှင် မိဖုရားနှင့်တကွ သားတော်၊ သမီးတော်၊သမက်တော်၊ဆွေတော်မျိုးတော်၊မှူးတော်မတ်တော် အပေါင်းခြံရံလျက် ကူးတော်မူ၍ မရေမတွက်နိုင်သော အလှူခံအရိယာသံဃာတော်တို့အား အတိုင်းမသိသော အလှူကြီးကို လှူတော်မူ၍ သာဓုခေါ်တော်မူသည်"ဟု ဖတ်ရှုကြရပေသည်။

ညောင်ရမ်းခေတ်(၁၆၀၀-၁၇၅၂)၊ ပင်းတလဲမင်းလက်ထက်(၁၆၄၈-၁၈၈၁)တွင် ထူပါရုံစေတီနှင့် ဆက်နွှယ်သည့် သမိုင်းဖြစ်ရပ်ဆိုးတစ်ခုနှင့် ကြုံတွေ့ခဲ့ရသည်။ ပင်းတလဲမင်းသည် စစ်ကိုင်းတွင် ခိုလှုံခွင့်ပေးထားသည့် တရုတ်ဘုရင်ဟောင်း ရုံလီနှင့်အပေါင်းအဖော်များကိုသစ္စာပေးရန် ထူပါရုံစေတီတွင် စုစည်းစေခဲ့သည်။ မှူးမတ်များက ရုံလီတို့ကို သွားရောက်ခေါ်ဆောင်ချိန်တွင် တရုတ်တို့က မိမိတို့ကိုသတ်မည်ဟု ထင်ကာ မင်းချင်းတို့လက်မှဓားများကိုလု၍ မင်းချင်းများကိုခုတ်ရာမှ ပဋိပက္ခဖြစ်ပြီး တရုတ် ၄၂ ဦး သေဆုံးကာ သွေးစွန်းခဲ့သည့်ဖြစ်ရပ်သည် ညောင်ရမ်းခေတ်၏ ပုံရိပ်ဆိုးတစ်ခုအဖြစ် ထင်ရှားခဲ့သည်။

အင်းဝခေတ် ရဟန်းစာဆိုတော် ရှင်မဟာသီလဝံသ(၁၄၅၃-၁၅၁၈)သည် ပေလေးပင် ရှင်လေးပါးအနက် တစ်ပါးဖြစ်ကာ "သဒ္ဒါမှာ ရှင်မဟာကစ္စည်း၊ ကဗျာမှာ ရှင်မဟာသီလဝံသတည်း"ဟုပင် ဆိုရိုးစကားရှိခဲ့သည်။ အင်းဝဘုရင် ဒုတိယမင်းခေါင် (၁၄၈၁-၁၅၀၂) လက်ထက်တွင် စာဆိုအကျော် ရှင်မဟာသီလဝံသသည် တောင်တွင်းမှ အင်းဝသို့ ကြွလာခဲ့သည်။ အင်းဝဘုရင်သည် ဆရာတော် သီတင်းသုံးရန် ထူပါရုံစေတီအရှေ့မြောက်ဘက်တွင် ရတနာဗိမာန်ကျောင်းကို ဆောက်လုပ်တင်လှူခဲ့သည်။ ဆရာတော်ရှင်မဟာသီလဝံသသည် ရတနာဗိမာန်တည်ဆောက်နေစဉ် ထူပါရုံစေတီပရိဝုဏ်တွင် ကာလအတန်ကြာ သီတင်းသုံးနေထိုင်ခဲ့သည်ဟုဆိုသည်။

**ထူပါရုံကျောက်စာ**

အင်းဝသမိုင်းတွင် အလွန်ထင်ရှားသည့် ထူပါရုံစေတီတွင် စိုက်ထူခဲ့သည့် ထူပါရုံကျောက်စာ ပထမစာကြောင်းမှာပင် အင်းဝဘုရင် နရပတိနန်းတက်သည့်ရက်ကို သက္ကရာဇ် ၈၀၄ ခုနှစ် ကဆုန်လဆုတ် ၁၁ ရက် သောကြာနေ့ဟု ရေးထိုးထားသည်။ ထိုရက်ကို ခရစ်နှစ်နှင့် ဖလှယ်လျှင် ၁၄၄၂ ခုနှစ် ဧပြီ ၂၀ ရက်ဖြစ်သည်။

ဗုဒ္ဓကုံရတိလောကနာဓရွှေနန်းအရှင် သီရိ



စစ်ကိုင်းမြို့ရှိ ထူပါရုံကျောက်စာရုံကို တွေ့ရစဉ်။

တြိဘုဝနာဒိတျနရပတိပဝရ မဟာဓမ္မရာဇာဓိရာဇဓိပတိဘွဲ့ခံ ဘုရင်နရပတိသည် သူ၏နန်းတက်ပွဲကို ထူပါရုံကျောက်စာတွင် မှတ်တမ်းတင်ရေးထိုးခဲ့သည်။ ကျောက်စာအရ ဘုရင်နှင့် အတုလသီရိမဟာဓမ္မဒေဝီဘွဲ့ခံ တောင်မိဖုရားသည် စစ်အင်္ဂါလေးပါး၊ မင်းမြောက်တန်ဆာ ငါးပါးကို ခင်းကျင်းလျက် ရှေးမင်းအဆက်ဆက် မဝတ်ဆင်ဖူးသည့် အဖိုးမဖြတ်နိုင်သော ပတ္တမြားလက်စွပ်နှင့် အတုမရှိသော နတ်တို့၏ အဆင်တန်ဆာကိုဆင်ယင်ခဲ့သည်။

ထို့နောက် ရတနာကိုးပါး စီခြယ်ထားသည့် အလျား လေးတောင်၊ အနံ လေးတောင်ရှိသော ရေသဖန်းပျဉ်ထက်၌ ကနက္ကဒဏ်ထီးဖြူဆောင်းကာ ပုဏ္ဏားရှစ်ယောက်က လက်ယာရစ်ခရုသင်းဖြင့် ဘိသိက်သွန်းပြီး မြေနန်း၌ ရွှေနန်းဖွင့်တော်မူကြောင်း ရေးထိုးထားသည်။

အင်းဝဘုရင်သည် မင်းကျင့်တရား ၁၀ ပါးကိုကျင့်သုံး၍ လက်နက်နိုင်ငံကိုထူထောင်ခဲ့သည်။ လက်နက်နိုင်ငံထူထောင်ခြင်းသည် ခွဲထွက်သွားသောနယ်များကို ပြန်လည်စုစည်းပြီး အခွင့်ရလျှင် လက်အောက်ခံမဖြစ်သေးသော နယ်စွန်နယ်ဖျားရှိ နိုင်ငံငယ်များကို သိမ်းပိုက်ခြင်းကိုဆိုလိုကြောင်း သမိုင်းပညာရှင် ဒေါက်တာတိုးလှက ရှင်းလင်းရေးသားခဲ့သည်။

ပဒေသရာဇ်ခေတ်တွင် နယ်ချဲ့ခြင်းသည် လုပ်ရိုးလုပ်စဉ်တစ်ရပ်ဖြစ်၍ အင်အားကြီးသော နိုင်ငံများကို လက်ဆောင်ပဏ္ဏာဆက်၍ မဟာမိတ်ပြုသကဲ့သို့ မိမိထံလက်ဆောင်ပဏ္ဏာမဆက်သည့် အားနည်းသော နိုင်ငံငယ်များကို တိုက်ခိုက်သိမ်းပိုက်လေ့ရှိကြသည်။ နရပတိသည် မိမိ၏လက်နက်နိုင်ငံ တည်ထောင်မှုကို ထူပါရုံကျောက်စာတွင် စာကြောင်း ရှစ်ကြောင်းမှ ၂၉ ကြောင်းထိ အကျယ်တဝင့် ရေးထိုးခဲ့သည်။ ကျောက်စာပါအထောက်အထားများအရ နရပတိသည် မြန်မာနိုင်ငံ အရှေ့၊ အနောက်၊ တောင်၊ မြောက်ကို အင်အားချဲ့ထွင်ခဲ့ကြောင်း သိရှိနိုင်သည်။

ထိုသို့အင်အားချဲ့ထွင်ရာတွင် ပဌတိုင်းဟူသည့် အမည်ဖြင့် ဒေသခုနစ်ခုကို တွေ့ရှိရသည်။ တက္ခိဏာပဌတိုင်းသည် အရှေ့တောင်ဘက် တနသ်ာရီဒေသများကိုရည်ညွှန်း၍ နိယတိယာပဌတိုင်းသည် အနောက်တောက်ဘက်ဒေသများဖြစ်သည်။ ထို့အတူ ဥတရာပဌတိုင်းသည် ဟိမဝန္တာအစပ်၊ မြောက်ပိုင်းဒေသများ၊ ဧသန္ဒိသာပဌတိုင်းသည် အရှေ့မြောက်ဘက်ဒေသများ၊ ပါယပ္ပဒိသာပဌတိုင်းသည် အနောက်မြောက်ဘက်ဒေသများ၊ ပါဇိနဒိသာပဌတိုင်းသည် သံလွင်မြစ်အနီးရှိ အရှေ့ပိုင်းဒေသများဖြစ်၍ အဂ္ဂိနေယျဒိသာပဌတိုင်းသည် သံလွင်မြစ်အရှေ့ခြမ်းဒေသများဖြစ်ကြောင်း တွေ့ရှိရသည်။

ကာလေ(ကလေး)၊ တနသ်ာရီ၊ ပုဂံ၊ ပုသိမ်၊ မိုးညှင်း၊ မိုးနဲ၊ မုတ္တမ၊ ရောင်မြ(မြောင်းမြ)၊ ဥုန်ပေါင် (အုန်းပေါင်၊ သီပေါ)၊ ဥူဿာပဲကူ(ဥဿာပဲခူး) စသည့် ယနေ့တိုင်တည်ရှိနေသည့် မြို့အမည်များကို ကျောက်စာတွင် တွေ့ရှိရသဖြင့် ထိုမြို့များသည် အင်းဝခေတ်ကတည်းက ထင်ရှားသည့် မြို့များဖြစ်ကြောင်း သက်သေထူနေသည်။

မြန်မာကျောက်စာများတွင် ယိုဝ်တယာ(ယိုးဒယား) ဟူသည့်အမည်ကို ထူပါရုံကျောက်စာတွင် ပထမဆုံးတွေ့ရှိရသည်။ ကျောက်စာ စာကြောင်းရေ ရှစ်နှင့်ကိုးတွင် ရေးထိုးထားသည့် မူရင်းစာသားများကို ခေတ်သုံးမြန်မာဘာသာစကားဖြင့် ဖလှယ်ပါက တက္ခိဏာပဌတိုင်းဖြစ်သော တနသ်ာရီ ယိုးဒယားမင်း၏သား မုတ္တမဆင်ဖြူရှင်မြေဥဿာပဲခူးကို မင်းမူသည်ဟု အဓိပ္ပာယ်ရသည်။

ယိုးဒယားဟူသော အမည်ဖြစ်လာသည့် ရင်းမြစ်ဖြစ်သော အယုဒ္ဓယမြို့ကို ၁၃၅၁ ခုနှစ်တွင် တည်ထောင်ခဲ့သဖြင့် ယိုးဒယားဟူသည့် အမည်နာမသည် ၁၃၅၁ ခုနှစ်မတိုင်မီက ရှိခဲ့ဟန်မတူဘဲ ယိုးဒယားနှင့်မြန်မာဆက်ဆံမှုသည် ၁၄ ရာစု နှောင်းပိုင်းထက် မစောနိုင်ကြောင်း စစ်ကိုင်းထူပါရုံကျောက်စာရုံ လေ့လာချက်စာတမ်းတွင် သုံးသပ်ထားသည်။

တရုတ်တို့နှင့်ပတ်သက်၍ ထူပါရုံကျောက်စာတွင် တစ်စိတ်တစ်ပိုင်းရေးထိုးထားသည်။ တရုတ်စစ်သည် လေးသိန်းကို မကြောက်မရွံ့ ၁၀ နှစ်တိုင်တိုက်ခိုက်ခဲ့သည့် မောမင်းကြီးသည် အဝမင်း၏ ဘုန်းတော်ရိပ်သို့ ခိုလှုံလာပုံကို ဂုဏ်ယူဝင့်ကြွားစွာ ရေးထိုးခဲ့သည်။ သို့သော် တရုတ်တို့သည် မြန်မာနိုင်ငံတွင်းသို့ ကျူးကျော်ဝင်ရောက်လာကာ လက်အောက်ခံနိုင်ငံတစ်နိုင်ငံအဖြစ် လက်ဆောင်ပဏ္ဏာဆက်ရန် တောင်းခံခဲ့သည်။ မြန်မာဘုရင်လက်မခံခဲ့ချေ။

ကျောက်စာတွင်ပါရှိသည့် တိုင်းနိုင်ငံတချို့၏ အမည်များသည် ရှေးပုဂံမင်း အနော်ရထာလက်ထက်တွင် လက်နက်နိုင်ငံများဖြစ်ခဲ့ကာ ထိုတိုင်းပြည်များက သမီးကညာ၊ လက်ဆောင်ပဏ္ဏာများ ဆက်သရကြောင်းရေးထိုးခဲ့ရာ ထိုတိုင်းပြည်များတွင် ကျည်းပြည်၊ စိန့်သင်းတွဲ၊ တရုတ်၊ ယိုးဒယား၊ ရခိုင်၊ သင်းဇေပြည်၊ အာနန်ပြည်တို့ ပါဝင်ခဲ့ကြသည်။ အင်းဝဘုရင်နရပတိသည် အင်းဝနိုင်ငံတော်ကို ကြီးမားခံ့ထည်စွာ တည်ထောင်ခဲ့သည့် မှတ်တမ်းကို ဘုရင်ကိုယ်တိုင်ရေးထိုးခဲ့သည့် ထူပါရုံကျောက်စာတွင် ဖော်ပြခဲ့သဖြင့် နှောင်းလူတို့အတွက် ခိုင်မာသော သမိုင်းအထောက်အထား တစ်ရပ်ဖြစ်လာခဲ့ပေသည်။

**ကိုးကား**


- ရှေးဟောင်းမြန်မာကျောက်စာများ (ပဉ္စမတွဲ) (ဦးငြိမ်းမောင်)
- စစ်ကိုင်းထူပါရုံကျောက်စာ လေ့လာချက် (ဒေါက်တာတိုးလှ)
- မုံရွေးမဟာရာဇဝင်ကျော်(ပထမအုပ်)(အရိယာဝံသ အာဒိစ္စရံသီ)

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၇၇၀၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ၇၇၀၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၃၆၄၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို သြဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၇၇၀၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၃၄ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲတီစိမ်း ၁၃၆၄၁ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပဲတီစိမ်းခင်းတွေ အခုလက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၇၇၀၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲတီစိမ်း အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၆၂၇ ဧက စိုက်ပျိုးမည်

**မြောင်းမြ နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၆၂၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၆၂၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် နိုဝင်ဘာလနောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် ဖူးစားပြောင်းများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာမှာ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာနဲ့ အခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးနေပါတယ်။ ဖူးစားပြောင်း ၂၆၂၇ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဖူးစားပြောင်းတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းစေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်း ဆောင်ရွက်နေပါတယ်။ အရင်နှစ်တွေကထက် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာပါ"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပြည်သူ့အတွက် အောင်ပွဲဆီသို့

- ရှေ့ရေးကို မှန်းဆတွေး
  ချမ်းမြရေး ဆုံးဖြတ်ကာ၊
  လုပရာ နှလုံးသား
  မုန်းမပွားရာ၊
  ဖြူစင်မှု ချစ်ခြင်းသာ
  ပြစ်ကင်းစွာ တို့ဘဝ၊
  စည်ပင်ကာ ဖွံ့ဖြိုး၍
  တိုးတက်အောင်ပါ။

- မဲပေးပါ အပြုံးမြနှင့်
  အသုံးချကြ အချိန်မီ၊
  ကောင်းသူကို ဆင်ခြင်တွေး
  ရွေးမမှားပြီ၊
  ပြည်သူ့အတွက် ဆောင်မြဲအတည်
  အောင်ပွဲဆီ အရောက်နှင်း၊
  စွမ်းနိုင်ရာ များအကျိုး
  သယ်ပိုးစေခြင်း။

- မနာလို ဝန်တိုကင်း၍
  ကောင်းသတင်း မွှေးပျံ့နေ၊
  ဒုစရိုက် အမိုက်မှား
  မလိုက်စားစေ၊
  တရားမျှတ တာဝန်ကျေ
  ပြည်သူတွေ ချစ်ခင်လျက်၊
  ပြည်မြန်မာ အလှလွှမ်းကာ
  ငြိမ်းချမ်းဖို့တွက်။ ။

**ကိုရွှေတောသား(ဆင်ကူး)**

# ပေါင်းတည်မြို့နယ် ကွေ့မကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင်းတည် နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွေ့မကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၄၀ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကွေ့မကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၉၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၁ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# နိုင်ငံတကာ သတင်းများ

## ထိုင်းဝန်ကြီးချုပ်ဟောင်းသက်ဆင် အခွန်ကြွေးကျန် ကန်ဒေါ်လာ သန်း ၅၀၀ ပေးဆောင်ရမည်

**ဗန်ကောက် နိုဝင်ဘာ ၁၈**

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ကို အခွန်ကြွေးကျန်အဖြစ် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ပေးဆောင်ရန် ထိုင်းနိုင်ငံ တရားလွှတ်တော်ချုပ်က နိုဝင်ဘာ ၁၇ ရက်တွင် စီရင်ချက်ချမှတ်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်း သက်ဆင်သည် ၂၀၀၆ ခုနှစ်အတွင်း ၎င်းပိုင်ဆိုင်ခဲ့သည့် ရှင်းဆက်သွယ်ရေးကော်ပိုရေးရှင်း ကုမ္ပဏီ၏ အစုရှယ်ယာများကို အခွန်လွတ် ထုတ်ရောင်းချခဲ့ရာ ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

ထိုင်းတရားလွှတ်တော်ချုပ်က ချမှတ်ခဲ့သည့် စီရင်ချက်အရ ရှင်းဆက်သွယ်ရေးကော်ပိုရေးရှင်း အစုရှယ်ယာများ ရောင်းချမှုအတွက် ဝန်ကြီးချုပ်ဟောင်းသက်ဆင် အနေဖြင့် အခွန်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထိ ပေးဆောင်ရမည်ဖြစ်သည်။

သို့ရာတွင် ထိုင်းမီဒီယာများ၏ အဆိုအရ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်အနေဖြင့် အခွန်ကြွေးကျန်နှင့် ဒဏ်ကြေးနှစ်ရပ်ပေါင်း ထိုင်းဘတ်ငွေ ၁၇ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၅၀၀)ထိ ပေးဆောင်ရမည်ဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်သည် လက်ရှိအချိန်တွင် အာဏာ အလွဲသုံးစားပြုလုပ်မှုစွပ်စွဲချက်ဖြင့် ချမှတ်ထားသည့် ထောင်ဒဏ် ပြစ်ဒဏ်တစ်နှစ်ကို ကျခံနေဆဲဖြစ်သည်။

အသက် ၇၆ နှစ်အရွယ် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်သည် ထိုင်းနိုင်ငံ၏ အချမ်းသာဆုံး လူပုဂ္ဂိုလ်များစာရင်းတွင် ပါဝင်ကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

## စင်ကာပူအာဏာပိုင်များက လာအိုနိုင်ငံသို့ပို့ဆောင်မည့် ကြံ့ချို ၃၅ ဒသမ ၇ ကီလိုဂရမ်ကို ဖမ်းဆီးထိန်းသိမ်း

**စင်ကာပူ နိုဝင်ဘာ ၁၈**

ကြံ့ချို ၃၅ ဒသမ ၇ ကီလိုဂရမ်ကို တောင်အာဖရိကမှ လာအိုနိုင်ငံသို့ ချန်ဂီလေဆိပ်မှတစ်ဆင့် ပို့ဆောင်ရန်ကြိုးစားမှုကို စင်ကာပူ အာဏာပိုင်များက တားဆီးနိုင်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ကြံ့ချိုများကို ချန်ဂီလေဆိပ်မှတစ်ဆင့် လာအိုနိုင်ငံသို့ ပို့ဆောင်ရန်ကြိုးစားမှုကို စင်ကာပူ တာဝန်ရှိသူများက နိုဝင်ဘာ ၈ ရက်တွင် တားဆီးဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း စင်ကာပူ အမျိုးသားဥယျာဉ်များ ဘုတ်အဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

မိမိတို့ဖမ်းဆီးနိုင်ခဲ့သော ကြံ့ချို ၃၅ ဒသမ ၇ ကီလိုဂရမ်၏ တန်ဖိုးမှာ စင်ကာပူဒေါ်လာ ၁ ဒသမ ၁၃ သန်း (အမေရိကန်ဒေါ်လာ ၈၇၀၀၀၀)ထိ ရှိကြောင်း စင်ကာပူ တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါကြံ့ချိုများသည် စင်ကာပူ တာဝန်ရှိသူများ ဖမ်းဆီးနိုင်ခဲ့သမျှ ပမာဏအများဆုံး ကြံ့ချိုများဖြစ်သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလက စင်ကာပူတာဝန်ရှိသူများသည် ကြံ့ချို ၃၄ ဒသမ ၇ ကီလိုဂရမ်ထိ ဖမ်းဆီးနိုင်ခဲ့ဖူးသည်။

အဆိုပါဖြစ်စဉ်တွင် စင်ကာပူ တာဝန်ရှိသူများသည် ကြံ့ချိုများနှင့်အတူ အခြား တိရစ္ဆာန်များ၏ အစိတ်အပိုင်း ကီလိုဂရမ် ၁၅၀ ကိုလည်း သိမ်းယူနိုင်ခဲ့ကြကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဂါဇာငြိမ်းချမ်းရေးအစီအစဉ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အတည်ပြု



**နယူးယောက် နိုဝင်ဘာ ၁၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အချက်ပေါင်း ၂၀ ပါ ဂါဇာငြိမ်းချမ်းရေး အစီအစဉ်ကို ထောက်ခံထားသည့် ဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက နိုဝင်ဘာ ၁၇ ရက်တွင် မဲခွဲအတည်ပြုခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကို မဲခွဲဆုံးဖြတ်ရာတွင် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့က ပါဝင်မဲပေးခြင်း မရှိခဲ့သော်လည်း ကျန်လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံများက ထောက်ခံမဲပေးခဲ့ကြသည်။

၎င်းဆုံးဖြတ်ချက်မူကြမ်းတွင် ဂါဇာဒေသ၏ အနာဂတ်အရေးအရာများ၌ ကုလသမဂ္ဂကို တိကျခိုင်မာသည့်နေရာမျိုး ပေးထားခြင်း မရှိကြောင်း ရုရှားနှင့် တရုတ်နိုင်ငံတို့က ဝေဖန်ထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား နှစ်နှစ်ကျော်ကြာ ပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် အချက် ၂၀ ပါ ဂါဇာကမ်းမြောင် ငြိမ်းချမ်းရေးအစီအစဉ်ကို အောက်တိုဘာလအတွင်းက အဆိုပြုချက်တင်သွင်းထားခြင်းဖြစ်သည်။

အဆိုပါ ဂါဇာငြိမ်းချမ်းရေး အစီအစဉ် ပထမအဆင့်အရ အစ္စရေးနှင့် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုတို့သည် အပစ်အခတ်ရပ်စဲရေး ရယူထားပြီးဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဂါဇာငြိမ်းချမ်းရေး အစီအစဉ်တွင် ဂါဇာတည်ငြိမ်ရေး နိုင်ငံတကာတပ်ဖွဲ့ ဖွဲ့စည်းရန်၊ ကြားကာလ ဂါဇာအာဏာပိုင်အဖွဲ့ ဖွဲ့စည်းရန်တို့ကိုလည်း အဆိုပြုထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## တရုတ်လေကြောင်းလိုင်းများက ဂျပန်ခရီးစဉ်လက်မှတ်ပေါင်း ၄၉၁၀၀၀ ခန့်ကို စံချိန်တင်ဖျက်သိမ်းခဲ့

**ပေကျင်း နိုဝင်ဘာ ၁၈**

တရုတ်လေကြောင်းလိုင်းများသည် နိုဝင်ဘာ ၁၅ ရက်မှ ၁၈ ရက်ထိ ဂျပန်ခရီးစဉ်လက်မှတ်ပေါင်း ၄၉၁၀၀၀ ခန့်ကို ပယ်ဖျက်ခဲ့ရကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီးစဉ် သွားရောက်မှုများကို ရှောင်ရှားရန် တရုတ်အစိုးရက ၎င်းနိုင်ငံသားများကို သတိပေးခဲ့ပြီးနောက် တရုတ်လေကြောင်းလိုင်းများအနေဖြင့် ဂျပန်ခရီးစဉ်လက်မှတ်များကို စံချိန်တင် ပယ်ဖျက်ခဲ့ရသည်။

တရုတ်(တိုင်ပေ)နှင့်ပတ်သက်၍ ဂျပန်ဝန်ကြီးချုပ် တာကာအီချီ၏ ပြောကြားချက်များကြောင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး တင်းမာနေချိန်တွင် ဂျပန်နိုင်ငံသို့ ခရီးသွားလာမှုများ ရှောင်ရှားရန် တရုတ်အစိုးရက ၎င်းတို့၏ နိုင်ငံသားများကို သတိပေးထားခြင်းဖြစ်သည်။

ယခုရက်ပိုင်းအတွင်း တရုတ်လေကြောင်းလိုင်းများ ဖျက်သိမ်းခဲ့သော ခရီးစဉ်လက်မှတ်ပေါင်း ၄၉၁၀၀၀ ခန့်ထိ ရှိခဲ့ရာ ကြိုတင်ဝယ်ယူထားသည့် ဂျပန်ခရီးစဉ်လက်မှတ်စုစုပေါင်း၏ ၃၂ ရာခိုင်နှုန်းထိ ရှိခဲ့ကြောင်း လေကြောင်းဈေးကွက် ကျွမ်းကျင်သူများက ပြောကြားထားသည်။

တရုတ်နိုင်ငံက တရုတ်(တိုင်ပေ)ကို တိုက်ခိုက်ခဲ့ပါက ဂျပန်နိုင်ငံအနေဖြင့် စစ်ရေးအရ တုံ့ပြန်ရနိုင်ကြောင်း ဂျပန်ဝန်ကြီးချုပ် တာကာအီချီက နိုဝင်ဘာ ၇ ရက်ကပြောကြားခဲ့ရာ တရုတ်နှင့် ဂျပန်နိုင်ငံတို့ကြား သံတမန်ဆက်ဆံရေးတင်းမာခဲ့ရသည်။

တရုတ်(တိုင်ပေ)သည် ဂျပန်နိုင်ငံနှင့် ကီလိုမီတာ ၁၀၀ ခန့်သာ ကွာဝေးကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**



## အမေရိကန်ကောလိပ်နှင့် တက္ကသိုလ်များ၌ နိုင်ငံတကာကျောင်းသားများ ကျောင်းဝင်မှုနှုန်း ကျဆင်း

**နယူးယောက် နိုဝင်ဘာ ၁၈**

ယခုနှစ် ဆောင်းဦးရာသီအတွင်း အမေရိကန်နိုင်ငံရှိ ကောလိပ်ကျောင်းများနှင့် တက္ကသိုလ်ကျောင်းများ၌ ပညာသင်ကြားရန် လျှောက်ထားသည့် နိုင်ငံတကာကျောင်းသား အရေအတွက်မှာ ပြီးခဲ့သည့်နှစ်ကထက် ၁၇ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကျောင်းသားဗီဇာရယူမှု လုပ်ငန်းစဉ် ကန့်သတ်ချက်အသစ်များနှင့် မူဝါဒအသစ်များကို အမေရိကန်အစိုးရက ချမှတ်ခဲ့ပြီးနောက် အမေရိကန် ကောလိပ်များနှင့် တက္ကသိုလ်များ၌ နိုင်ငံတကာကျောင်းသားများ ကျောင်းဝင်ခွင့်လျှောက်ထားမှု ကျဆင်းလာခြင်းဖြစ်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

အထူးသဖြင့် အမေရိကန် ကောလိပ်များနှင့် တက္ကသိုလ်များ၌ ကျောင်းဝင်ခွင့်လျှောက်ထားလိုသည့် နိုင်ငံတကာကျောင်းသားများအတွက် အဓိကအဟန့်အတားမှာ ပြည်ဝင်ခွင့်ဗီဇာပြဿနာဖြစ်သည်။

လေ့လာသူများ၏ အဆိုအရ အမေရိကန် ကောလိပ်နှင့် တက္ကသိုလ်များ၌ ပညာသင်ကြားမည့် နိုင်ငံတကာ ကျောင်းသားတချို့မှာ ကျောင်းသားဗီဇာများ ရုပ်သိမ်းခံရပြီး အချို့ကျောင်းသားများမှာလည်း ပြည်ဝင်ခွင့်ဗီဇာ ရယူရာတွင် ကြန့်ကြာမှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အမေရိကန်ကောလိပ်နှင့်တက္ကသိုလ်များ၌ နိုင်ငံတကာကျောင်းသား ၁ ဒသမ ၂ သန်းခန့်ထိ ရှိခဲ့သည်။

အဆိုပါ နိုင်ငံတကာကျောင်းသားများကြောင့် အမေရိကန်နိုင်ငံ၏ စီးပွားရေးတန်ဖိုးမှာ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံ ထပ်တိုးလာခဲ့ကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## တီယန်ကောင်းအာကာသစခန်းသို့ ရှန်ကျိုး-၂၂ အာကာသလူသယ်ယာဉ်တစ်စင်း လွှတ်တင်ရန် တရုတ်အမျိုးသားအာကာသအေဂျင်စီ ပြင်ဆင်နေ




**ပေကျင်း နိုဝင်ဘာ ၁၈**

တီယန်ကောင်း အာကာသစခန်းသို့ ရှန်ကျိုး-၂၂ အာကာသလူသယ်ယာဉ်တစ်စင်းကို ပုံမှန်ထက်စော၍ လွှတ်တင်ရန် တရုတ်အမျိုးသားအာကာသအေဂျင်စီက ပြင်ဆင်နေကြောင်း နိုဝင်ဘာ ၁၇ ရက်သတင်းများအရ သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီက ပုံမှန်ထက်ခြောက်လစော၍ လွှတ်တင်မည့် ရှန်ကျိုး-၂၂ အာကာသယာဉ်တွင် အာကာသယာဉ်မှူးများ လိုက်ပါမည်မဟုတ်ကြောင်း သိရသည်။

ရှန်ကျိုး-၂၀ အာကာသယာဉ်မှူး သုံးဦးတို့၏ ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် အသုံးပြုမည့် ရှန်ကျိုး-၂၀ အာကာသလူသယ်ယာဉ်ကို အာကာသအမှိုက်ဝင်တိုက်ခဲ့ပြီးနောက် တီယန်ကောင်းအာကာသစခန်းသို့ ရှန်ကျိုး-၂၂ အာကာသလူသယ်ယာဉ်ကို လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ရှန်ကျိုး-၂၀ အာကာသယာဉ်မှူး သုံးဦးသည် ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် ရှန်ကျိုး-၂၀ အာကာသယာဉ်အစား အောက်တိုဘာ ၃၁ ရက်တွင် လွှတ်တင်ခဲ့သည့် ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ်ကို အသုံးပြုခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် တီယန်ကောင်းအာကာသစခန်းသို့ ရောက်ရှိနေပြီဖြစ်သည့် ရှန်ကျိုး-၂၁ အာကာသယာဉ်မှူး သုံးဦးအတွက် အရေးပေါ်အခြေအနေ ပေါ်ပေါက်ခဲ့ပါက အသုံးပြုနိုင်မည့် အာကာသလူသယ်ယာဉ် မရှိသေးပေ။

မကြာမီလွှတ်တင်မည့် ရှန်ကျိုး-၂၂ အာကာသလူသယ်ယာဉ်သည် အာကာသယာဉ်မှူးများအစား တီယန်ကောင်းအာကာသစခန်းအတွက် လိုအပ်သည့်ရိက္ခာပစ္စည်း သယ်ယူသွားမည်ဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

## အမွေးထူဆင်တစ်ကောင်ထံမှ ရှေးအကျဆုံး ရီဘိုနျူကလီးအစ်အက်စစ် (RNA) ကို သိပ္ပံပညာရှင်များ အောင်မြင်စွာထုတ်ယူနိုင်ခဲ့

**ကိုပင်ဟေဂင် နိုဝင်ဘာ ၁၈**

သက်တမ်းအားဖြင့် နှစ်ပေါင်း ၃၉၀၀၀ ရှိသည့် အမွေးထူဆင်တစ်ကောင်ထံမှ ရှေးအကျဆုံး ရီဘိုနျူကလီးအစ်အက်စစ် (RNA) ကို သိပ္ပံပညာရှင်များက အောင်မြင်စွာထုတ်ယူနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၁၇ ရက်သတင်းများအရ သိရသည်။



ရီဘိုနျူကလီးအစ်အက်စစ်သည် ဇီဝလုပ်ငန်းစဉ် အများစုအတွက် မရှိမဖြစ်လိုအပ်သော မော်လီကျူးတစ်မျိုးဖြစ်သည်။

ရီဘိုနျူကလီးအစ်အက်စစ်သည် မျိုးဗီဇအခြေခံမော်လီကျူး (DNA) များနှင့်နှိုင်းယှဉ်ပါကအလွန်တရာ ပြိုကွဲလွယ်သည်ဖြစ်ရာ ဆိုက်ဘေးရီးယား အမွေးထူဆင်မှ ရီဘိုနျူကလီးအစ်အက်စစ်သည် ရှေးအကျဆုံးမိမိတို့ရယူထားသော ရီဘိုနျူကလီးအစ်အက်စစ်ဖြစ်နိုင်ကြောင်း ဒိန်းမတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ရီဘိုနျူကလီးအစ်အက်စစ်ကို ထုတ်ယူနိုင်ခဲ့သော အမွေးထူဆင်ကို ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ၌ ၂၀၁၀ ပြည့်နှစ်တွင် တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခင် ရှေးအကျဆုံးအဖြစ် စံချိန်တင်ထားသော ရီဘိုနျူကလီးအစ်အက်စစ်မှာ သက်တမ်းနှစ် ၁၄၀၀၀ ကျော်ရှိ ဆိုက်ဘေးရီးယားဝံပုလွေတစ်ကောင်မှ ထုတ်ယူထားသော ရီဘိုနျူကလီးအစ်အက်စစ်ဖြစ်ကြောင်း သိရသည်။

မိမိတို့ရရှိထားသည့် အချက်အလက် အထောက်အထားများအရ ရီဘိုနျူကလီးအစ်အက်စစ်များမှာ ယခင်တွေးထင်ထားသည်ထက် ပိုရှည်တည်တံ့နိုင်သည်ကို တွေ့ရကြောင်း ဒိန်းမတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ တွေ့ရှိထား

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

မိခင်ကြယ်ကို မနီးလွန်းမဝေးလွန်းသော ပတ်လမ်းမှတစ်ဆင့်လှည့်ပတ်နေသည့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသန ပညာရှင်များက တွေ့ရှိထားကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

GJ 251 C ဂြိုဟ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၁၈ နှစ်အကွာတွင် တည်ရှိသည့် ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းဂြိုဟ်သည် ကမ္ဘာမြေကဲ့သို့ ကျောက်သားဂြိုဟ်မျိုးဖြစ်နိုင်ပြီး အရွယ်အစားအရ ကမ္ဘာထက် များစွာပိုကြီးသည်ဟု အမေရိကန် သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

GJ 251 C ဂြိုဟ်သည် မိခင်ဂြိုဟ်ကိုမနီးလွန်း မဝေးလွန်းသော အရပ်မှ လှည့်ပတ်နေခြင်းဖြစ်ရာ ရေခဲတက်ကို ထိန်းထားနိုင်ဖွယ်ရှိကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် HPF နှင့် NEID ရေဒီယိုတယ်လီစကုပ်များ အကူအညီဖြင့် GJ 251 C ဂြိုဟ်ကို ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အမေရိကန် သိပ္ပံပညာရှင်များသည် GJ 251 C ဂြိုဟ်ကို ဓာတ်ပုံများတိုက်ရိုက်ရိုက်ကူးရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## သက်ကြီးပိုင်းများ တေးဂီတနားထောင်ခြင်းဖြင့် Dementia ရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

**ကင်ဘာရာ နိုဝင်ဘာ ၁၈**

သက်ကြီးပိုင်းများ တေးဂီတနားထောင်ပေးခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

သြစတြေးလျ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရတေးဂီတပုံမှန်နားထောင်လေ့ရှိသော သက်ကြီးပိုင်းများ၌ Dementia ဖြစ်နိုင်ခြေ ၃၉ ရာခိုင်နှုန်း ကျဆင်းနေတတ်ကြောင်း သိရသည်။

သြစတြေးလျ သုတေသနပညာရှင်များသည် အသက် ၇၀ နှင့်အထက် သက်ကြီးပိုင်း ၁၀၀၀၀ ကျော်တို့၏ ဘဝနေထိုင်မှုပုံစံများနှင့် Dementia ရောဂါ ဖြစ်ပွားမှုအခြေအနေတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သက်ကြီးပိုင်းများ တေးဂီတနားထောင်မှုသည် Dementia ရောဂါ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ တေးဂီတသည် စိတ်ခံစားမှုအခြေအနေကို မြှင့်တင်ပေးနိုင်ပြီး ဦးနှောက်နယ်မြေအများအပြားကို လှုံ့ဆော်ပေးနိုင်သည်။

တေးဂီတ နားထောင်မှုသည် သက်ကြီးပိုင်းများ၏ ဦးနှောက်အာရုံနှာဗ်ဆဲလ်များ ကျန်းမာရေးကို အကာအကွယ်ပေးနိုင်ဖွယ်ရှိကြောင်း သြစတြေးလျသုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## UPF အစားအစာစားသူ အမျိုးသမီးများတွင် အူမကြီးကင်ဆာဖြစ်စေသော အသားပိုများပေါ်လာနိုင်

**လန်ဒန် နိုဝင်ဘာ ၁၈**

အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာ (UPF) များပုံမှန်စားသုံးသည့် အမျိုးသမီးများအနေဖြင့် အူမကြီးကင်ဆာဖြစ်စေသော အသားပိုများ ပေါ်လာနိုင်ကြောင်း ဗြိတိန် သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ နိုဝင်ဘာ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများ (UPF) စားသုံးမှုသည် အူမကြီးကင်ဆာရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေသည်ဟု သုတေသနပညာရှင်များက ရှေးယခင်ကပင် တင်ပြခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ UPF အစားအစာများ စားသုံးမှုကြောင့် အူမကြီးအတွင်း၌ အူမကြီးကင်ဆာရောဂါနှင့် ဆက်စပ်နေသော အသားပိုများ ပေါ်ထွက်လာနိုင်ခြေ မြင့်မားလာနိုင်ကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် အမျိုးသမီးဦးရေ ၂၉၁၀၀ ကျော်တို့၏ အစားအစာစားသုံးမှုပုံစံနှင့်အူမကြီးကျန်းမာရေး အခြေအနေတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ UPF အစားအစာများကို အများဆုံးစားသုံးသည့် အမျိုးသမီးများတွင် အူမကြီးအတွင်း အသားပိုများ ပေါ်ထွက်လာနိုင်ခြေ ပုံမှန်ထက် ၄၅ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO






## အမ်ဘက်ပီနှင့် ကာမာဗင်ဂါတို့ ဒဏ်ရာရနေသော်လည်း အယ်ချီအသင်းနှင့်ပွဲစဉ်တွင် ပါဝင်နိုင်မည်

**မက်ဒရစ် နိုဝင်ဘာ ၁၈**

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ ဒဏ်ရာရကစားသမားများ ဖြစ်သည့် အမ်ဘက်ပီ၊ ကာမာဗင်ဂါ တို့၏ဒဏ်ရာများကို အသေးစိတ် စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ရာ ပြင်းထန်မှု မရှိသည့်အတွက် လာမည့် အယ်ချီအသင်းနှင့်ပွဲစဉ် တွင် ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

အမ်ဘက်ပီနှင့် ကာမာဗင်ဂါတို့ သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ(ဥရောပဇုန်) အုပ်စုပွဲစဉ် များ ကစားရန်အတွက် ပြင်သစ် အသင်းနှင့်ပူးပေါင်းစဉ် ဒဏ်ရာရခဲ့ သောကြောင့် ပြင်သစ်အသင်း ကစားသမားစာရင်းမှ နုတ်ထွက်ပြီး ရီးရဲလ်မက်ဒရစ် အသင်းနှင့် ပြန်လည် ပူးပေါင်းခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

ပြင်သစ်အသင်းနှင့် ပူးပေါင်းစဉ် ကာမာဗင်ဂါအနေဖြင့် တံကောက် ကြောဒဏ်ရာရခဲ့ပြီး အမ်ဘက်ပီ သည်လည်း ခြေချင်းဝတ်ဒဏ်ရာ အသီးသီးရရှိခဲ့ကြခြင်းဖြစ်သည်။

အမ်ဘက်ပီသည် ယခုနှစ် ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေပြီး သွင်းဂိုး များ သွင်းယူနိုင်ခဲ့သူဖြစ်ကာ ခြေချင်း ဝတ်ဒဏ်ရာကြောင့် ပွဲစဉ်အချို့ အနားယူရဖွယ် ရှိနေသော်လည်း ယခုအခါ ဒဏ်ရာမှာ ပြင်းထန်ခြင်း မရှိသည့်အတွက် ရက်အနည်းငယ် အနားယူပြီးလျှင် ကွင်းခိုင်မှုပြန်လည် ပြည့်ဝနိုင်သည့် အခြေအနေများ ကြောင့် အယ်ချီအသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းနှင့် အယ်ချီအသင်းတို့သည် စပိန် လာလီဂါပွဲစဉ်(၁၃) အဖြစ် နိုဝင်ဘာ ၂၄ ရက်တွင် ကစားသွားမည်ဖြစ် ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**




## အင်္ဂလန်အသင်း ပထမဆုံးအကြိမ်အဖြစ် ပြိုင်ပွဲစုံ ၁၁ ပွဲဆက် အနိုင်ရရှိခဲ့သည့် အင်္ဂလန်အသင်း မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်

အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ပြိုင်ပွဲစုံ ၁၁ ပွဲဆက် အနိုင်ရရှိခဲ့သည့် အင်္ဂလန်အသင်း မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်

**လန်ဒန် နိုဝင်ဘာ ၁၈**



အင်္ဂလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့ သည့် အယ်လ်ဘေးနီးယားအသင်း နှင့်ပွဲစဉ်တွင် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အသင်းသမိုင်း တစ်လျှောက် ပထမဆုံးအကြိမ် အဖြစ် ပြိုင်ပွဲစုံ ၁၁ ပွဲဆက် အနိုင်ရ ရှိသည့် မှတ်တမ်းကောင်းတစ်ရပ် ကို ပိုင်ဆိုင်ခဲ့ကြောင်း Bleacher Report Football သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြ ခဲ့သည်။

အင်္ဂလန်အသင်းသည် နည်းပြ တူချယ်လက်အောက်တွင် ရလဒ် ကောင်းများ ဆက်တိုက်ပိုင်ဆိုင် ထားပြီး နိုင်ငံတကာပြိုင်ပွဲများတွင် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် အောက်တို ဘာ ၂၄ ရက်က ဥရောပနေးရှင်းလိဂ် ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဂရိအသင်း ကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး နောက် နိုင်ငံတကာပြိုင်ပွဲစုံ ၁၁ ပွဲ ဆက် အနိုင်ရခဲ့သည့် မှတ်တမ်း ကောင်းတစ်ရပ် ရရှိခဲ့ခြင်း ဖြစ်သည်။

အင်္ဂလန်အသင်းသည် ဂရိအသင်း ကို ရှုံးနိမ့်ခဲ့ပြီး ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲများ၌ ဖင်လန်အသင်း၊ ဂရိ အသင်း၊ အိုင်ယာလန်အသင်းတို့ကို အနိုင်ရရှိခဲ့ပြီး ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲ ခြေစစ်ပွဲ(ဥရောပဇုန်) အုပ်စု ပွဲစဉ်များတွင်လည်း အယ်လ်ဘေး နီးယားအသင်း၊ လတ်ဗီးယား အသင်း၊ အန်ဒိုရာအသင်း၊ ဆားဘီး ယားအသင်း၊ ဝေးလ်အသင်းစသည့် အသင်းများကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စလုံးတွင် အနိုင်ရခဲ့ပြီး ကမ္ဘာ့ဖလားခြေစစ်ပွဲ ရှစ်ပွဲဆက် ပေးဂိုးမရှိသည့် မှတ်တမ်းကောင်း တစ်ရပ်ကို ပထမဆုံးအကြိမ်အဖြစ် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရသည်။

အလားတူ အင်္ဂလန်အသင်း သည် အယ်လ်ဘေးနီးယားအသင်း ကို အဝေးကွင်းတွင် အနိုင်ရရှိခဲ့ပြီး အသင်းသမိုင်းတစ်လျှောက် ၁၉၆၇ ခုနှစ်နောက်ပိုင်း အဝေးကွင်း ခုနစ် ပွဲဆက် အနိုင်ရခဲ့သည့် မှတ်တမ်း ကောင်းတစ်ရပ်ကို ပြန်လည် ပိုင်ဆိုင်ခဲ့သည့်အပြင် နောက်ဆုံး ကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၀ ပွဲဆက် ပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်ခဲ့ သောကြောင့် စပိန်အသင်းပြီးလျှင် ဒုတိယမြောက်အသင်း အဖြစ် လည်း မှတ်တမ်းဝင်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

**Ref : Bleacher Report Football**

**Trs : STA**

## Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲမှ နုတ်ထွက်သွားသော ဂျက်စတင်သောမတ်စ်နေရာကို အာရွန်ရိုင်နှင့် အစားထိုး

**နယူးယောက် နိုဝင်ဘာ ၁၈**

ဘာဟားမာ့စ်နိုင်ငံ၌ ဒီဇင်ဘာ ၄ ရက်တွင် စတင်ကျင်းပမည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိ ကန်ဂေါက်သီးရိုက် ကစားသမား ဂျက်စတင် သောမတ်စ်သည် နောက်ကျောဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သည့်အတွက် ပြိုင်ပွဲ မှ နုတ်ထွက်သွားသောကြောင့် အင်္ဂလန် ဂေါက်သီးရိုက်ကစား သမား အာရွန်ရိုင်နှင့် အစားထိုး လိုက်ကြောင်း ပြိုင်ပွဲကျင်းပရေး ကော်မတီက ထုတ်ပြန်ခဲ့သည်ဟု UPI သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂန္ထဝင် ဂေါက်သီးရိုက်ကစား သမားတိုက်ဂါးဝုဒ်က ကျင်းပပေး သည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တစ်နှစ် တာအတွင်း အောင်မြင်မှုများရရှိ ထားပြီး ကမ္ဘာ့အဆင့် (၂၀)အတွင်း ရပ်တည်နေသည့် ကစားသမား ဦးရေ ၂၀ ဖြင့် ကျင်းပပြုလုပ်သော ပြိုင်ပွဲတစ်ရပ် ဖြစ်ကြောင်း သိရသည်။

အာရွန်ရိုင်သည် ပြီးခဲ့သည့် ရက်သတ္တပတ်က Abu Dhabi HSBC Championship ဂေါက်သီး ရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်(၂၃) နေရာသို့ တက်ရောက်လာခြင်း ကြောင့် ဂျက်စတင်သောမတ်စ် နေရာကို အစားထိုးဝင်ရောက်ခွင့် ရခြင်းဖြစ်သည်။

နောက်ကျောဒဏ်ရာ ခွဲစိတ် ကုသမှုနှင့်ပတ်သက်၍ ဂျက်စတင် သောမတ်စ်က “ကျွန်တော့်အနေနဲ့ နောက်ကျော ဒဏ်ရာကြောင့် ကာလရှည် အနားယူရတော့မှာဖြစ် ပါတယ်။ Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင် ယှဉ်ပြိုင်နိုင်တော့မှာ မဟုတ်ပါဘူး။ ၂၀၂၆ ခုနှစ် ဂေါက်သီးရိုက်ရာသီ အဖွင့်ပြိုင်ပွဲတွေနဲ့လဲ လွဲချော်ရ တော့မှာဖြစ်ပါတယ်။ Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲနဲ့ လွဲချော်ခဲ့ရတာ စိတ်မကောင်းဖြစ်မိ ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : UPI**

**Trs : AZL**

## နည်းပြဇီဒန်း ရီးရဲလ်မက်ဒရစ်အသင်းကို တတိယအကြိမ် ပြန်လည်တာဝန်ယူရန် နီးစပ်နေ

**မက်ဒရစ် နိုဝင်ဘာ ၁၈**

ရီးရဲလ်မက်ဒရစ်အသင်း နည်းပြ အလွန်ဆိုသည် ကစားသမားများ နှင့် ဆက်ဆံရေးအဆင်မပြေမှုများ ရှိလာသောကြောင့် နည်းပြဇီဒန်းက အလွန်ဆို၏နေရာတွင် အစားထိုး ဝင်ရောက်၍ အသင်းကို တတိယ အကြိမ် ပြန်လည်တာဝန်ယူရန် ချိတ်ဆက်နေသဖြင့် ရီးရဲလ်မက် ဒရစ်အသင်းနှင့် ပြန်လည်ပူးပေါင်း ရန် နီးစပ်နေကြောင်း SI သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြ ထားသည်။



နည်းပြအလွန်ဆိုသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်းကို အမှတ်ပေးဇယား ထိပ်ဆုံးသို့ ပို့ဆောင်ကာ ဒုတိယနေရာမှ ဘာစီ လိုနာအသင်းကို ရမှတ် သုံးမှတ်ထိ ဖြတ်တောက်နိုင်ခဲ့သည့် အပြင် ချန်ပီယံလိဂ် ပြိုင်ပွဲတွင်လည်း လေးပွဲကစားခဲ့ရာ သုံးပွဲထိ နိုင်ပွဲ ရယူနိုင်ခဲ့သော်လည်း နည်းပြနှင့် ကစားသမားများအကြား ဆက်ဆံ ရေးတင်းမာလာမှုကြောင့် အသင်း ဥက္ကဋ္ဌပီရက်ဇ်က အသင်းအနာဂတ် အတွက် စိုးရိမ်လာခဲ့ကာ နည်းပြ ဇီဒန်းကို ပြန်လည်ခန့်အပ်ရန် ချိတ်ဆက်နေခြင်းဖြစ်သည်။

လက်ရှိအသင်းတွင် နည်းပြ အလွန်ဆိုနှင့် ဗီနီစီးယက်စ်တို့၏ ဆက်ဆံရေးမှာ တင်းမာနေသဖြင့် ကစားသမားနှင့် သက်တမ်းတိုးရန် သဘောတူညီမှုမရဘဲ ကြန့်ကြာ နေကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ်အသင်း ကစား သမားများသည် နည်းပြအလွန်ဆို ၏ နည်းစနစ်ပိုင်း အခင်းအကျင်း နှင့်ပတ်သက်၍ ချက်ချင်း ပြောင်းလဲမှုမလုပ်နိုင်ပါက ပြဿနာ ပိုမိုကြီးထွား လာနိုင်သောကြောင့် အသင်းနှင့် အောင်မြင်မှုများရယူခဲ့ သည့် နည်းပြဇီဒန်းကို ပြန်လည် ခန့်အပ်ရန် ဥက္ကဋ္ဌ ပီရက်ဇ်က ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : SI**

**Trs : ML**

### အားကစားသတင်းအတိုအထွာများ

- ❑ မန်ယူအသင်းအနေဖြင့် ဒေါ့မွန်အသင်းတိုက်စစ်မှူး အဒီရီမီကို ခေါ်ယူလိုပါက ကစားသမားအတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၈၀ ထိ ပေးချေရမည်ဖြစ်ကြောင်း သိရသည်။
- ❑ နိုင်ငံတကာပြိုင်ပွဲကာလမတိုင်မီ ဒဏ်ရာရရှိခဲ့သည့် တောင်ပံ ကစားသမား ရာဖင်ဟာနှင့် ကွင်းလယ်ကစားသမား ပက်ဒရီတို့ အသင်းနှင့် လေ့ကျင့်ခန်းပြန်လည်ပြုလုပ်နေကြောင်း ဘာစီ လိုနာအသင်းက ထုတ်ပြန်ခဲ့သည်။
- ❑ ချဲလ်ဆီးအသင်းနှင့် ဘာစီလိုနာအသင်းတို့က စိတ်ဝင်စားနေ သည့် အေတီကိုအသင်း တိုက်စစ်မှူး အယ်လ်ဗာရက်ဇ်ကို ပီအက်စ်ဂျီအသင်းကလည်း ခေါ်ယူရန် ကြိုးပမ်းနေပြီး လက်လျှော့သွားမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြား ခဲ့သည်။

**ML**

# ၂၀၂၅ ခုနှစ် အာဖရိက တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် နောက်ဆုံးဆန်ခါတင်ကစားသမား သုံးဦးစာရင်း ထုတ်ပြန်





ကိုင်ရို နိုဝင်ဘာ ၁၈

အာဖရိက ဘောလုံးအဖွဲ့ချုပ် (CAF) က ၂၀၂၅ ခုနှစ် အာဖရိက တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုအတွက် နောက်ဆုံးဆန်ခါတင် ကစားသမား သုံးဦးစာရင်း ထုတ်ပြန်ခဲ့ပြီးနောက် မော်ရိုကိုအသင်းနှင့် ပီအက်စ်ဂျီအသင်း ခံစစ်ကစားသမား ဟာကီမီက ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိနေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်အောက်တိုဘာလက ၂၀၂၅ ခုနှစ် အာဖရိက တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင် ကစားသမားစာရင်း ၁၀ ဦးကို ထုတ်ပြန်ခဲ့ပြီးနောက် ယခုအခါနောက်ဆုံးအဆင့်ဆန်ခါတင် ကစားသမား သုံးဦး စာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အာဖရိကဘောလုံးအဖွဲ့ချုပ်က အာဖရိက တစ်နှစ်တာအကောင်းဆုံးသမားဆုကို ယခုနှစ် ဇန်နဝါရီ ၆ ရက်မှ စတင်ပြီး အောက်တိုဘာ ၁၅ ရက်အတွင်း ကစားသမားများ၏ စွမ်းဆောင်ရည်ပိုင်းကို အကဲဖြတ်ပြီး စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် အာဖရိကတစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် နောက်ဆုံးဆန်ခါတင် ကစားသမား သုံးဦး စာရင်းတွင် အီဂျစ်အသင်းနှင့် လီဗာပူးအသင်းမှ ဆာလာဟ်၊ မော်ရိုကိုအသင်းနှင့် ပီအက်စ်ဂျီအသင်းမှ ဟာကီမီ၊ နိုင်ဂျီးရီးယားအသင်းနှင့် ဂါလာတာဆာရေးအသင်းမှ အိုစီမန်တို့ ပါဝင်လာခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# ကမ္ဘာ့ဟဲဗီးဝိတ်တန်းလက်ရှိချန်ပီယံ အူဆက်ခ် ချန်ပီယံခါးပတ်ကို လက်လွှတ်ဆုံးရှုံးခဲ့ရ

ဆန်ဂျူအန် နိုဝင်ဘာ ၁၈

ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဆုကို ဒုတိယအကြိမ်မြောက်ရရှိထားသည့် ယူရိန်းလက်ဝှေ့သမား အူဆက်ခ်သည် WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်အတွက် ယာယီချန်ပီယံဖြစ်ကြောင်းလက်ဝှေ့သမား ဝက်ဒ်လေနှင့် ထိုးသတ်သွားရန် WBO အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သော်လည်း အူဆက်ခ်က ကစားသမားဘဝ၏ နောက်ဆုံးနှုတ်ဆက်ပွဲကို ၄င်းနှစ်သက်သည့် ပြိုင်ဘက်နှင့်သာ ထိုးသတ်သွားမည် ဖြစ်သည့်အတွက် ဝက်ဒ်လေနှင့် ထိုးသတ်ရမည့်ထုတ်ပြန်ချက်ကို ငြင်းဆန်ခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယင်းအတွက်ကြောင့် စည်းမျဉ်းစည်းကမ်းအရ အူဆက်ခ်အနေဖြင့် WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်ကို လက်လွှတ်ရမည်ဖြစ်ကြောင်း သိရသည်။

WBO ဟဲဗီးဝိတ်တန်း ယာယီချန်ပီယံ ဝက်ဒ်လေအနေဖြင့် WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံတစ်ဦးဖြစ်လာခဲ့ပြီး ခါးပတ်ကိုလည်း မကြာမီ လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဝက်ဒ်လေ၏ Promotion ကုမ္ပဏီဖြစ်သည့် Queensberry Promotions က "ဖေဘီယိုဝက်ဒ်လေဟာ WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံအသစ် ဖြစ်လာခဲ့ပါပြီ။ ဖေဘီယိုနဲ့ သူ့ရဲ့အသင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါတယ်" ဟု ထုတ်ပြန်ကြေညာခဲ့သည်။

WBO အဖွဲ့ချုပ်သည် ပြီးခဲ့သည့် စက်တင်ဘာလက WBO ဟဲဗီးဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံလုပွဲစဉ်အဖြစ် နယူးဇီလန်လက်ဝှေ့သမား ဂျိုးဆပ်ပါကားနှင့် ဝက်ဒ်လေတို့ ပွဲစဉ်မှ အနိုင်ရရှိလာသည့် လက်ဝှေ့သမားနှင့် လက်ရှိချန်ပီယံဆုကို ကာကွယ် ထိုးသတ်သွားရမည်ဖြစ်ကြောင်း ကြိုတင်အသိပေးထားပြီး ဖြစ်သည်။

WBO အဖွဲ့ချုပ်က "WBO အဖွဲ့ချုပ်အနေနဲ့ WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ကာကွယ်ပွဲစဉ် ထိုးသတ်သွားဖို့အတွက် အူဆက်ခ်ရဲ့အသင်းကို တရားဝင်ဆက်သွယ်မှု ပြုလုပ်ခဲ့ပါတယ်။ အူဆက်ခ်အနေနဲ့ လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်ထိုးသတ်ဖို့ထက် လက်ရှိချန်ပီယံခါးပတ်ကို စွန့်လွှတ်ဖို့ ရွေးချယ်ခဲ့ပါတယ်။ ဒါကြောင့် ဖေဘီယိုဝက်ဒ်လေက WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံအသစ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports
Trs : AZL

# WTA Auckland Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ဂျပန်တင်းနစ်မယ် အိုဆာကာ ထုတ်ပြန်ကြေညာ

တိုကျို နိုဝင်ဘာ ၁၈

ဂျပန်တင်းနစ်မယ် အိုဆာကာသည် ဒီဇင်ဘာ ၃၀ ရက်တွင် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့၌ ကျင်းပသွားမည့် WTA Auckland Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်ဟု RNZ သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အိုဆာကာသည် ဒီဇင်ဘာ ၂၇ ရက်မှစတင်၍ ဩစတြေးလျနိုင်ငံ၌ ကျင်းပပြုလုပ်သွားမည့် United Cup တင်းနစ်ပြိုင်ပွဲတွင် ဂျပန်အသင်းအတွက် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်၍ WTA Auckland Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

United Cup တင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့်တွင် ဂျပန်အသင်းသည် ဗြိတိန်နိုင်ငံ၊ ဂရိနိုင်ငံတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အိုဆာကာက ဂျပန်အသင်းကို အောင်မြင်မှုရယူပေးလိုပြီး အသင်းအတွက်သာ အာရုံစိုက်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

အိုဆာကာအနေဖြင့် WTA Auckland Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားရန် ပြိုင်ပွဲကျင်းပရေးဒါရိုက်တာ နီကိုလက်စ်နှင့် ပြောဆိုထားပြီးဖြစ်သော်လည်း ၄င်းအနေဖြင့် စိတ်ပြောင်းသွားသောကြောင့် နီကိုလက်စ်ထံသို့ တရားဝင် ဆက်သွယ်အသိပေးထားပြီး ဖြစ်ကြောင်းလည်း သိရသည်။

နီကိုလက်စ်က "ဒီနှစ် WTA Auckland Open တင်းနစ်ပြိုင်ပွဲမှာတော့ အိုဆာကာ ပါဝင်ယှဉ်ပြိုင်တော့မှာမဟုတ်ပါဘူး။ အိုဆာကာ မပါတဲ့အတွက် စိတ်မကောင်းဖြစ်မိပါတယ်။ သူ့ရဲ့ဆုံးဖြတ်ချက်ကို လေးစားပါတယ်။ နောက်နှစ်တွေမှာတော့ WTA Auckland Open တင်းနစ်ပြိုင်ပွဲမှာ အိုဆာကာ ပါဝင်လာမယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RNZ
Trs : AZL

# ဆလိုဗက်ကီးယားအသင်းကို ဂိုးပြတ်အနိုင်ရခဲ့သည့် ဂျာမနီအသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်



ဘာလင် နိုဝင်ဘာ ၁၈

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဂျာမနီအသင်းက ဆလိုဗက်ကီးယားအသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့်ဂိုးပြတ် အနိုင်ရခဲ့သောကြောင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

ခြေစစ်ပွဲအုပ်စု(A)တွင် ဂျာမနီအသင်းသည် အဖွင့်ပွဲစဉ်၌ ဆလိုဗက်ကီးယားအသင်းကိုသာ ရှုံးနိမ့်ခဲ့ပြီး ကျန်ပွဲစဉ်လေးပွဲကို အနိုင်ရခဲ့သဖြင့် ဒုတိယနေရာမှ ဆလိုဗက်ကီးယားအသင်းနှင့် ရမှတ် ၁၂ မှတ်စီတူညီနေပြီး ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေသော်လည်း နောက်ဆုံးပွဲစဉ်တွင် တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ရန် ဆလိုဗက်ကီးယား အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရသည်။

သို့သော် ဂျာမနီအသင်းက ဆလိုဗက်ကီးယား အသင်းကို အိမ်ကွင်းအားသာချက်ဖြင့် ကစားရသောကြောင့် ပွဲစကတည်းက တိုက်စစ်မြှင့်တင်နိုင်ခဲ့ရာ ပွဲကစားချိန် ၁၈ မိနစ်တွင် ဝိုလ်တီမာဒီ၊ ပွဲကစားချိန်၂၉ မိနစ်တွင် ဂနာဘရီ၊ ပွဲကစားချိန် ၃၆ မိနစ်နှင့် ၄၁ မိနစ်တို့တွင် ဆာနေးတို့၏ သွင်းဂိုးများဖြင့် ပထမပိုင်းကို ဂိုးပြတ်ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် နိုင်ပွဲရရှိရန် သေချာနေသောကြောင့် နည်းပြနာဂယ်စမန်းက အဓိက ကစားသမားအချို့ကိုအနားပေး၍ လူစားလဲကစားခဲ့ရာ တိုက်စစ်ကစားပုံ ကျဆင်းသွားခြင်းမရှိဘဲ ပွဲကစားချိန် ၆၇ မိနစ်တွင် ဘာကူ၊ ပွဲကစားချိန် ၇၉ မိနစ်တွင် ဖော်ဇန်အက်ဆန်တို့က ဦးဆောင်ဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့ပြီး ဆလိုဗက်ကီးယားအသင်း တိုက်စစ်ပိုင်းက ချေပဂိုး သွင်းယူနိုင်ခြင်း မရှိသည့်အတွက် ဂျာမနီအသင်းက ဂိုးပြတ်နိုင်ပွဲရခဲ့ပြီး ခြေစစ်ပွဲ တိုက်ရိုက်အောင်မြင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# ဘာစီလိုနာအသင်းက လာမည့် ဘီလ်ဘာအိုအသင်းနှင့်ပွဲစဉ်ကို အိမ်ကွင်းသစ် နူးကမ့်အားကစားကွင်းတွင် ကျင်းပမည်

ဘာစီလိုနာ နိုဝင်ဘာ ၁၈

ဘာစီလိုနာ အသင်းသည် လာမည့် စပိန်လာလီဂါပွဲစဉ်အဖြစ် ကစားမည့် ဘီလ်ဘာအိုအသင်းနှင့် ပွဲစဉ်ကို အိမ်ကွင်းသစ် နူးကမ့်အားကစားကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း Bein Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာအသင်းသည် အသင်းအိမ်ကွင်း နူးကမ့်အားကစားကွင်းကိုပြုပြင်ပြီး စတာလင်ပေါင် ၁ ဒသမ ၅ ဘီလီယံထိ အကုန်ကျခံပြီး အိမ်ကွင်းသစ် တည်ဆောက်ခဲ့ရာ လက်ရှိတွင် အားလုံးနီးပါး ပြီးစီးပြီဖြစ်သောကြောင့် လာမည့် ဘီလ်ဘာအိုအသင်းနှင့် ပွဲစဉ်ကို အိမ်ကွင်းသစ် နူးကမ့်အားကစားကွင်းတွင် ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။

ဘာစီလိုနာ အသင်းသည် ပရိသတ်ဦးရေ ၁၀၅၀၀၀ ဆံ့ အဆင့်မြင့်အားကစားကွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အားလုံးနီးပါးပြီးစီးနေသော်လည်း ဘီလ်ဘာအိုအသင်းနှင့် ပွဲစဉ်တွင် ပရိသတ်ဦးရေ ၄၅၀၀၀ ခန့်သာ ဝင်ခွင့်ပြုသွားမည်ဖြစ်သည်။

ဘာစီလိုနာ အသင်းသည် အိမ်ကွင်း နူးကမ့်အားကစားကွင်းသစ်မှာ အားလုံးနီးပါး ပြီးစီးပြီဖြစ်သော်လည်း အချို့နေရာများတွင် ဆက်လက် လုပ်ဆောင်သွားရမည်ဖြစ်သည့်အတွက် ကွင်းဝင်ဆံ့မှု ပမာဏအတိုင်း ဝင်ခွင့်ပြုဦးမည်မဟုတ်ဘဲ လာမည့် နှစ်ဆန်းပိုင်းမှ အားလုံးပြီးစီးမည်ဖြစ်သောကြောင့် ထိုအချိန်မှသာ ကွင်းဝင်ဆံ့ ပမာဏအတိုင်း ဝင်ခွင့်ပြုသွားမည် ဖြစ်သည်။

ဘာစီလိုနာ အသင်းနှင့် ဘီလ်ဘာအိုအသင်းတို့သည် စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ် နိုဝင်ဘာ ၂၂ ရက်တွင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Bein Sports
Trs : STA

# မိဘကွယ်လွန်လျှင် အမွေခံစားခွင့်အကြောင်း

**စိန်လှိုင်ဗိုလ်**

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် အမွေဆက်ခံခြင်းနှင့်ပတ်သက်၍ မည်သို့ရရှိခံစားနိုင်ကြောင်း လမ်းညွှန်ပြဋ္ဌာန်းချက်များရှိသည်။ မိဘနှစ်ပါး ကွယ်လွန်လျှင် ကျန်ရစ်သောပစ္စည်း၌ အမွေဆက်ခံခွင့်ရှိသူ သားသမီးများသည် ညီတူညီမျှခွဲဝေခံစားခွင့်ရှိကြသည်။ မိဘနှစ်ပါးအနက် တစ်ပါးပါးကွယ်လွန်၍ မုဆိုးမမိခင်၊ မုဆိုးဖိုဖခင် ဖြစ်သွားလျှင်လည်း ဩရသသား (သို့မဟုတ်) ဩရသသမီးတို့ကသာလျှင် ကျန်ရှိသူမိဘထံမှ ကာလစည်းကမ်းသတ်အတွင်း အမွေလေးပုံတစ်ပုံ တောင်းခံနိုင်သည်။ ကျန်သားသမီးများမှာ ကျန်ရစ်သူမိဘ နောက်မယား၊ နောက်လင်ယူမှသာလျှင် ကာလစည်းကမ်းသတ်အတွင်း အမွေတောင်းဆိုခွင့်ရှိသည်။ ကျန်ရှိသူ မိခင် (သို့မဟုတ်) ဖခင်သည် နောက်မယား၊ နောက်လင်မယူပါက ပစ္စည်းခန်းနှင့်ပတ်သက်၍ လင်သေမယားပိုင်၍ မယားသေလင်ပိုင်သည်။ သားသမီးများအနေဖြင့် ဆိုင်သာဆိုင် မပိုင်ကြောင်း သိစေချင်သည်။

ကိုယ်တွေ့ကြုံရသော ဖြစ်ရပ်မှန်တစ်ခုကို တင်ပြပါမည်။ မုဆိုးမမိခင်ကြီးက ၎င်း၏ ကျန်းမာရေးအတွက်ဆေးဝါးကုသရန်လည်းကောင်း၊ ဘဝနောင်ရေးအတွက် လှူဒါန်းမှုပြုရန်လည်းကောင်း ငွေကြေးလိုအပ်သဖြင့် ကွယ်လွန်သူခင်ပွန်းသည်နှင့် မိမိတို့ပိုင်ဆိုင်သော လက်ရှိနေထိုင်သည့် မြေနှင့်အိမ်ကို ထုခွဲရောင်းချရန် ဆန္ဒရှိသည်။ ဝယ်မည့်သူလည်းပေါ်လာသည်။ ဝယ်သူဘက်မှ မတတ်တတတ် ဗဟုသုတ၊ မသိတသိဥပဒေပညာဖြင့် အရောင်းအဝယ်စာချုပ်တွင် သားသမီးများအားလုံး ပါဝင်လက်မှတ်ရေးထိုးပေးရန် တောင်းဆိုသည်။ (တောင်းဆိုခွင့်မရှိဘဲ မလိုအပ်ဘဲ တောင်းဆိုခြင်းဖြစ်သည်။) ထိုအခါတွင် သားသမီးများအနက် သဘောမတူသူ၊ မရောင်းချစေလိုသူ၊ လက်မှတ်မထိုးချင်သူ စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုကြသဖြင့် အရောင်းအဝယ်ပျက်ယွင်းသွားခဲ့ဖူးသည်။ မိခင်ကြီးဆန္ဒ မပြည့်ဝရှာတော့ပါ။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ခင်ပွန်းသည်မရှိသည့်နောက်ပိုင်း ဇနီးဖြစ်သူ မိမိတစ်ဦးတည်းပိုင်ဆိုင်လာသောပစ္စည်းကို မိမိဆန္ဒအလျောက် စီမံခန့်ခွဲခွင့်ရှိပါလျက် တစ်ယောက်တစ်ပေါက်ကြောင့် အထမမြောက်ခဲ့သော အရောင်းအဝယ်ကိစ္စဖြစ်သည်။ သားသမီးများအနေဖြင့် မိမိတို့၏ လုပ်အား ချွေးတစ်စက်တစ်ပေါက်မျှ မထွက်ခဲ့သော မိဘရှာဖွေခဲ့သည့်ပစ္စည်းကို မိမိတို့အနေဖြင့် ဆိုင်သာဆိုင်၊ မပိုင်ကြောင်း သိသင့်ကြသည်။ ရောင်းချပြီးနောက် မိခင်ကြီးက ပေးကမ်းချီးမြှင့်လျှင် လက်ခံရယူခွင့်ရှိကြပြီး မပေးလျှင် အရေးဆိုခွင့်မရှိကြောင်း သိသင့်ကြသည်။ အကြောင်းအမျိုးမျိုးကြောင့် မုဆိုးမမိခင်ကသားသမီးများကို အမွေမပေးဘဲ ဘုန်းတော်ကြီးကျောင်းသို့ ရေစက်ချလှူဒါန်းခဲ့သော သာဓကများပင်ရှိခဲ့ဖူးသည်။

မိဘမသေမီ သားသမီးများက အမွေတောင်းခွင့်မရှိသော်လည်း မိဘကပေးကမ်းလိုလျှင် ပေးကမ်း၍ရပါသည်။ မိသားစုတစ်စုတွင် မိဘကို လုပ်ကျွေးပြုစုသည့် သားသမီးရှိနိုင်သကဲ့သို့ မိဘကို နှိပ်စက်ညှဥ်းပန်းသည့် သားသမီးမျိုးလည်းရှိနိုင်သည်။ ထိုအခါ မိဘများက မိမိတို့ကို အိမ်ဦးခန်းတင်၍ ခြေဆုပ်လက်နယ်ပြုစုသော သားသမီးတို့ကို မိမိပိုင်ပစ္စည်းကို ခွဲခြားပေးကမ်းသည်မျိုးလည်း ရှိတတ်သည်။ ထိုသို့ ပေးကမ်းခြင်းကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဆောင်ရွက်၍ရပါသည်။ သို့ရာတွင် ခြွင်းချက်အနေဖြင့် သားသမီးတစ်ဦးတည်းကိုသာ ရှိသမျှပစ္စည်း အကုန်ပေးလိုက်သဖြင့် မိဘများ ကွယ်လွန်သောအခါ ကျန်သားသမီးများအတွက် အမွေခွဲဝေရန် ပစ္စည်းမကျန်ရှိတော့လျှင် ထိုသို့ တစ်ဦးတည်းကို ပေးကမ်းခြင်းသည် ပျက်ပြယ်ပါသည်။



ပေးခဲ့ပြီးသော ပစ္စည်းသည်လည်း ကျန်သားသမီးများနှင့် သက်ဆိုင်သောအမွေပုံအဖြစ် ပြန်လည်ရရှိသွားကြောင်း **ဦးတင်ဝင်းပါ ၂ နှင့် ဦးတင်ညွှန့်ပါ ၃ မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၁၉ နှင့် ဒေါ်လှပိုပါ ၂ နှင့် ဦးတင်အုန်းပါ ၂၊ ၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၁၀၄** တွင် လမ်းညွှန်ထုံးဖွဲ့ခဲ့ပါသည်။

ပေးကမ်းခြင်းနှင့် သက်ဆိုင်သည့် ဗဟုသုတယူစရာ လမ်းညွှန်စီရင်ထုံးတစ်ခုကို ရည်ညွှန်းကိုးကားတင်ပြပါမည်။ မန္တလေးတိုင်းတရားရုံး ၁၉၉၁ ခုနှစ်တွင် ဒေါ်ဝင်းကြည် (ခ) ဒေါ်ဝင်းကြည်ညွှန့်က ဒေါ်သိန်းသိန်း၊ ဦးခင်မောင်မြင့်နှင့် ဒေါ်တူးတူးတို့အပေါ် မန္တလေး အရှေ့မြောက်မြို့နယ် အောင်နန်းရိပ်သာအနောက် အကွက်အမှတ် (၅၇၆) ဦးပိုင်အမှတ်(၆) မြေကွက်ကို လက်ရောက်ရလိုမှုစွဲဆိုခဲ့သည်။ စွဲဆိုသူ တရားလိုဘက်မှ ရှုံးနိမ့်ခဲ့သည်။ အမှုမှ ရှုံးသူ ဒေါ်ဝင်းကြည်က မကျေနပ်သဖြင့် နိုင်ငံတော်တရားရုံးချုပ်သို့ တစ်ဆင့်တက်၍ အယူခံဝင်ရောက်သည်။ မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ ဒေါ်ဝင်းကြည်ကို အနိုင်ပေးခဲ့သည်။ ရှုံးနိမ့်သူဒေါ်သိန်းသိန်းတို့သုံးဦးက နောက်တစ်ဆင့် တက်ပြန်သည်။ နိုင်ငံတော်တရားရုံးချုပ်သို့ တရားမအထွေထွေလျှောက်လွှာ (အထူး) ဝင်ရောက်ပြန်သည်။ လက်ခံသည်။ လင်မယားနှစ်ဦးပိုင် လက်ထပ်ပွား မြေနှင့်အိမ်ကို ဖခင်တစ်ဦးတည်းက အပေးစာချုပ်တွင် လက်မှတ်ရေးထိုးပြီး အငယ်ဆုံး သမီးတစ်ဦးတည်းကို ပေးကမ်းခြင်းသည် တရားဝင်၊ မဝင် ဟူသောပြဿနာကို စိစစ်ကြားနာခဲ့သည်။

အထူးအယူခံခုံရုံးက တရားလိုပြသက်သေများ၏ ထွက်ဆိုချက်အရ အချင်းဖြစ်မြေကွက်ကို **ဖခင်ဦးဆိုင်က သမီးဒေါ်ဝင်းကြည်ကို ပေးရာတွင် မိခင်ဖြစ်သူ ဒေါ်ငြိမ်းရင်**၏ သဘောတူညီသည့် အထောက်အထားများ အခိုင်အမာတွေ့ရသည်ဟု သုံးသပ်ပြီးနောက် အထက်အပိုဒ်ပါ ဦးတင်ဝင်း စီရင်ထုံးနှင့် ဒေါ်လှပို စီရင်ထုံးလမ်းညွှန်စီရင်ထုံးနှစ်ခုကို ရည်ညွှန်းကိုးကားခဲ့သည်။ "လင်မယားနှစ်ဦးပိုင် ပစ္စည်းကို လင်ကဖြစ်စေ၊ မယားကဖြစ်စေ မေတ္တာဖြင့်ပေးကမ်းရာတွင် ကျန်တစ်ယောက်က အတိအလင်းဖြစ်စေ၊ သက်ရောက်ခြင်းဖြင့်ဖြစ်စေ သဘောတူပါက ၎င်း၏ အကျိုးခံစားခွင့်ရှိသော အစုအတွက်ပါအတည်ဖြစ်သည်။ သို့ရာတွင်မိဘဖြစ်သူက သားသမီးတစ်ဦးကို အမွေပစ္စည်း အားလုံးကို ပေးကမ်းလိုက်ခြင်းဖြစ်လျှင် အမွေရှင် ကွယ်လွန်သောအခါ အမွေပစ္စည်းခွဲဝေရန် မရှိတော့လျှင် ထိုသို့ပေးကမ်းခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်ဆန့်ကျင်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ဖော်ပြပါ စီရင်ထုံးလမ်းညွှန်ချက်ကို ထပ်ဆင့်လိုက်နာခဲ့သည်။

စာဖတ်သူများ ပိုမိုရှင်းလင်းစွာ နားလည်သဘောပေါက်နိုင်ရန်အလို့ငှာ ပြန်ရှင်းပါမည်။ ဤဆောင်းပါး၏ ခေါင်းစဉ်အရ မိဘသက်ရှိထင်ရှားရှိစဉ် သာမန်အားဖြင့် အမွေမတောင်းနိုင်ကြောင်း ရေးသားတင်ပြခဲ့ပြီးဖြစ်သည်။ ထို့ပြင် ပေးသူမိဘက သားသမီးအများရှိသည့်အနက် တစ်ဦးတစ်ယောက်ကို ရှိသမျှပစ္စည်းအကုန်ပေးလိုက်၍ ၎င်းတို့ကွယ်လွန်လျှင် ကျန်သားသမီးများအတွက် ခွဲဝေရန် အမွေပစ္စည်းလုံးဝမရှိတော့လျှင် တစ်ဦးတစ်ယောက်တည်းကို ပေးသောပစ္စည်းသည် သားသမီးအားလုံးနှင့်သက်ဆိုင်သော အမွေပုံပစ္စည်းအဖြစ် ပြန်လည်ရောက်ရှိသွားကြောင်း ရေးသားတင်ပြခဲ့ပြီးဖြစ်သည်။ အထက်ပါ ဦးဆိုင်- ဒေါ်ငြိမ်းရင်တို့၏ သားသမီးများဖြစ်သော ဒေါ်ဝင်းကြည်ညွှန့်နှင့် ဒေါ်သိန်းသိန်း၊ ဦးခင်မောင်မြင့်၊ ဒေါ်တူးတူးတို့အမှုတွင် ဖခင်ဦးဆိုင်က သမီးဒေါ်ဝင်းကြည်ကို ပစ္စည်းပေးအပ်ရာတွင် မိခင်ဒေါ်ငြိမ်းရင်၏ သဘောတူညီသည့် အထောက်အထားတွေ့ရှိရသည့်အတွက် မှတ်ပုံတင်စာချုပ်ဖြင့် ပေးအပ်ခြင်းကို မပယ်ဖျက်ခဲ့ပေ။ ပေးအပ်ခွင့်ရှိကြောင်း အထူးအယူခံခုံရုံးက သဘောတူလက်ခံခဲ့ခြင်းဖြစ်သည်။ မှတ်သားနာယူထိုက်ပါသည်။

တစ်ဆက်တည်းမှာပင် သားသမီးတစ်ဦးကို အမွေပစ္စည်းအားလုံး ပေးကမ်းလိုက်ခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် ဆန့်ကျင်ကြောင်း အထူးအယူခံခုံရုံးက မှတ်ချက်ပြုသည်ကိုလည်း အထူးပင် မှတ်သားနာယူထိုက်သည်။

၎င်းတို့၏ အမှုတွင် အထူးအယူခံခုံရုံးက သုံးသပ်ဆုံးဖြတ်ချက်မှာလည်း အထူးပင် နာယူမှတ်သားစရာကောင်းလှသည်။ ရုံးသဘောအရအမှုကို လိုက်ပါဆောင်ရွက်ကြသောရှေ့နေကြီးများကို စီရင်ချက်တွင် သီးခြားမှတ်ချက်မပြုခဲ့သော်လည်း စာရေးသူကိုယ်တိုင် တရားလွှတ်တော်ရှေ့နေတစ်ဦးဖြစ်သည့်အားလျော်စွာ မိမိတို့အနေဖြင့်လည်း တာဝန်ရှိကြောင်း ခံယူမိသည်။ အထက်ပါအမှုတွင် မိဘနှစ်ပါးက သမီးတစ်ဦးတည်းကို ပစ္စည်းအားလုံးပေးသည်။ ပစ္စည်းရသူသမီးက ကျန်ညီအစ်ကိုမောင်နှမများအပေါ် မှတ်ပုံတင်အပေးစာချုပ်ကို အကြောင်းပြု၍ ပစ္စည်းလက်ရောက်ရလိုမှုစွဲဆိုသည်။ စွဲဆိုခံရသူများက ရှေ့နေ၏အကူအညီရယူ၍တရားရုံးတော်ရှေ့မှောက်တွင် ခုခံချေပခဲ့ကြရသည်။ ပေးကမ်းခြင်းသည် အထမြောက်သော်လည်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်မူ ဆန့်ကျင်ကြောင်း ထင်ရှားပေါ်ပေါက်ခဲ့သည်။ ဒေါ်သိန်းသိန်းတို့ မောင်နှမများသည် အမှုကို ရှုံးမလိုနိုင်မလိုနှင့် နောက်ဆုံးတွင် အရေးနိမ့်ခဲ့ရသည်။

အထူးအယူခံခုံရုံးက ဒေါ်သိန်းသိန်းတို့ဘက်မှ ချေပလွှာတွင် မိဘများကွယ်လွန်သောအခါ အမွေခွဲဝေရန် ပစ္စည်းမကျန်ရှိတော့ကြောင်း မူလကပင် မတင်ပြခဲ့သည့်အပြင် ၎င်းအချက်နှင့်စပ်လျဉ်း၍ သက်သေမတင်ပြခဲ့သောကြောင့် ထည့်သွင်းသုံးသပ်နိုင်မည်မဟုတ်ကြောင်း စီရင်ထုံးတွင် ဖော်ပြခဲ့သည်။ လမ်းကြောင်းအမှန်မှာ ဒေါ်သိန်းသိန်းတို့သည် ပေးကမ်းစာချုပ် ပျက်ပြယ်ကြောင်း ဒေါ်ဝင်းကြည်အပေါ် ဦးစွာပထမ တရားတစ်ထုံး စွဲဆိုကြရမည်။ တစ်နည်းအားဖြင့် အမွေစီမံခန့်ခွဲပေးစေလိုမှု စွဲဆို၍ ပေးကမ်းစာချုပ် ပျက်ပြယ်ကြောင်းကိုပါ တစ်ပါတည်း ထည့်သွင်းစွဲဆိုသင့်သည်။ ယခုကဲ့သို့ ဒေါ်ဝင်းကြည်က လက်ရောက်ရလိုမှုစွဲဆိုရာ၌ ဒေါ်သိန်းသိန်းတို့၏ဘက်တွင် ဒေါ်ဝင်းကြည်ရထားသော ပေးကမ်းစာချုပ်ပျက်ပြယ်ကြောင်း ဒီကရီ မရရှိထားပေ။ သို့ဖြစ်၍ ဒေါ်ဝင်းကြည်က လက်ရောက်ရလိုမှုစွဲဆိုသည်ကို ဒေါ်သိန်းသိန်းတို့က မည်သို့မျှ အောင်မြင်စွာ ခုခံနိုင်မည် မဟုတ်ကြောင်း အထူးအယူခံခုံရုံးက ထည့်သွင်းသုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် ရှေ့နေကြီးများအတွက် လွန်စွာမှပင် သတိပြုဆင်ခြင်ဖွယ် အဖိုးထိုက်တန်သော လမ်းညွှန်မှုဖြစ်ကြောင်း မှတ်ပိုက်ခံယူမိပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ငြိ ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၂၁ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်




**ရန်ကုန် နိုဝင်ဘာ ၁၈**

TMW Film Production က ရိုက်ကူးထုတ်လုပ်သည့် ငြိ ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာ ၂၁ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ငြိ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကိုဇော်(အရဏ်ဦး)ထံမှ သိရသည်။

အဆိုပါ ငြိ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ခင်စောဦးက ရေးသားထားပြီး မယ်ခိုင်၊ ညာလက်တော်နှင့် မင်းကိုစိုး (နတ်သံကွင်း)တို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ကိုဇော် (အရဏ်ဦး)၊ လက်ထောက် ဒါရိုက်တာ အိတို့က TMW Film Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ အိမ်ထောင်ရေး ဒရာမာ ရုပ်ရှင်ဇာတ်ကားပါ။ ဒီဇာတ်ကားထဲမှာ အမျိုးသမီးက ဒုတိယ ကိုယ်ဝန်ဆောင်နေချိန် အိမ်ထောင်ဦးစီးအမျိုးသား တစ်ယောက်ရဲ့ မပြတ်သားတဲ့ သံယောဇဉ်တွေကြောင့် ဖြစ်ပျက်လာတဲ့ စိတ်ဒုက္ခဝေဒနာတွေကို ခံစားနေရကာ ပြိုလဲပျက်စီးလုဖြစ်လာတဲ့ အိမ်ထောင်သည်ဘဝကို ဘယ်လိုခိုင်မြဲအောင် တည်ဆောက်ရုန်းကန်ခဲ့သလဲ။ ဂုဏ်သိက္ခာနဲ့ အလဲအထပ်လုပ်ရမဲ့ ချစ်ခြင်းမေတ္တာကကော တန်ဖိုးရှိပါ့မလား ဆိုတာ ငြိမှာ အဖြေထုတ်ကြပါ" ဟု ဒါရိုက်တာ ကိုဇော် (အရဏ်ဦး) က ပြောပြသည်။

ငြိ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ညီထွဋ်ခေါင်၊ ညီနန္ဒ၊ နေမိုးဝင်း၊ မင်းမြတ်၊ ကေညီ၊ အောင်သီဟ၊ ဇော်ဇော်၊ နေခြည်ဦး၊ ထွန်းပုလဲရတနာ၊ ခင်ဇာခြည်ကျော်၊ မိုခမ်း၊ မိုးပွင့်ဖြူ၊ ရွှေရင်အေး၊ သဲနန္ဒာစိုး၊ ယမုံ၊ ဝင်းမင်းသန်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# တေးသံရှင် ဘိုဘိုဟန်၊ ခင်မောင်ထူးတို့၏ Live Show တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

တေးသံရှင် ဘိုဘိုဟန်၊ ခင်မောင်ထူးတို့၏ Live Show တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဘိုဘိုဟန်ထံမှ သိရသည်။

အဆိုပါ တေးသံရှင် ဘိုဘိုဟန်၊ ခင်မောင်ထူးတို့၏ Live Show တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Judson Entertainment Bar ၏ ပင်တိုင်တေးဂီတအဖွဲ့ ဖြစ်သည့် Judson Music Band က အကောင်းဆုံး တီးခတ်မှုများဖြင့် ပံ့ပိုးတီးခတ်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာ၂၃ ရက် ညမှာ Judson Entertainment Bar မှာ




ခင်မောင်ထူးနဲ့အတူ ဖျော်ဖြေပေးဖို့ရှိပါတယ်။ စတီရီယိုခေတ်ကတည်းက ဒီနေ့ဒီအချိန်ထိ ဟောင်းနွမ်းမသွားသေးတဲ့ တေးသီချင်းတွေကို Judson Entertainment Bar ရဲ့ စတိတ်စင်မြင့်ထက်မှာ ပရိသတ်တွေနဲ့အတူတူ သီဆိုသွားကြမယ်။ Moments တစ်ခုချင်းစီအလိုက် တစ်ခေတ်တစ်ခါက အမှတ်တရတွေဆီ ခေါ်ဆောင်သွားမဲ့ ပွဲလေးဖြစ်တာမို့ ချစ်ခင်ရတဲ့သူတွေနဲ့ အရောက်လှမ်းလာခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါရစေဗျာ "ဟု တေးသံရှင် ဘိုဘိုဟန်က ပြောပြသည်။

တေးသံရှင် ဘိုဘိုဟန်၊ ခင်မောင်ထူးတို့၏ Live Show တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၃ ရက် ညနေ ၆ နာရီမှ စတင်ကာ ဖျော်ဖြေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကားကို နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်

**ရန်ကုန် နိုဝင်ဘာ ၁၈**

မင်းမဟာ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကားကို နိုဝင်ဘာလ နောက်ဆုံးပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသည့် သရုပ်ဆောင် နေတိုးထံမှ သိရသည်။

အဆိုပါမြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ် ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာ ဆောင်းလုလင်၏ မြစ်လက်တက်ပေမဲ့ ရေစီးကကြမ်းတယ်ဝတ္ထုကို ဖြိုးသဉ္ဇာကျော်က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ပီကေက မင်းမဟာ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဝတ္ထုက ဆရာဆောင်းလုလင်ရဲ့ စာပေပြိုင်ပွဲတစ်ခုမှာ ပထမဆုရထားတဲ့ ဝတ္ထုလေးတစ်ပုဒ်ပါ။ ဇာတ်လမ်းလေးက တော်တော်လေး ကောင်းပါတယ်။ လူတစ်ယောက်ရဲ့ မေတ္တာတရားကြီးမားပုံနဲ့ ဆွေစုမျိုးစုတစ်ခုထဲမှာ သွေးသားတိုက်ရိုက် မတော်စပ်ပေမဲ့ မေတ္တာတရားထားနိုင်ပုံကို ဖော်ညွှန်းထားတာပါ။ ဇာတ်ပိုင်းမှာလိုအပ်မဲ့ အပိုင်းလေးတွေကို စာရေးဆရာက ထပ်ဖြည့်ပေးထားပါတယ်။ အခုရုပ်ရှင်ဇာတ်ကားမှာ အဓိကကျတဲ့ဇာတ်ကောင်အသိန်းကာရိုက်တာမျိုးကို အရင်ကလဲ ရိုက်ခဲ့ဖူးပါတယ်။ အခုလဲ ဝတ္ထုထဲက ဇာတ်ကောင်အသိန်းကို ပရိသတ်တွေအမြင်နဲ့ ထပ်တူကျဖို့အတွက် အကောင်းဆုံးကြိုးစားထားပါတယ် "ဟု သရုပ်ဆောင် နေတိုးက ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ နေမျိုးအောင်၊ ညီနန္ဒ၊ ဗီတာမင်၊ သံသာညီ၊ မေမီလင်း၊ ဗွာဗွားနှင့် အခြားသရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Gambino ဇာတ်ကားအတွက် ဒါရိုက်တာ ဂျွန်ဝူးနှင့် မင်းသား နီကိုလပ်ကေ့တို့ တစ်ဖန်ပြန်လည် ပူးပေါင်းဆောင်ရွက်မည်

**နယူးယောက် နိုဝင်ဘာ ၁၈**

Gambino အမည်ရှိ မှုခင်းဖြစ်ရပ်မှန် ဘဝအတ္ထုပ္ပတ္တိဇာတ်ကားအတွက် ကမ္ဘာကျော်ဒါရိုက်တာ ဂျွန်ဝူးနှင့် ကမ္ဘာကျော် မင်းသား နီကိုလပ်ကေ့တို့ တစ်ဖန်ပြန်လည် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ ဂျွန်ဝူးနှင့် မင်းသား နီကိုလပ်ကေ့တို့သည် Face/ Off (1997) အက်ရှင်ဇာတ်ကားအတွက် အတူလက်တွဲဆောင်ရွက်ခဲ့ကြသူများဖြစ်သည်။

Gambino ဇာတ်ကားသည် နယူးယောက် ဒုစရိုက်လောကခေါင်းဆောင် ကာလိုဂမ်ဘီနို၏ ဘဝကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဂျွန်ဝူးက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ကာလိုဂမ်ဘီနိုအဖြစ် နီကိုလပ်ကေ့က သရုပ်ဆောင်မည်ဖြစ်သည်။

Gambino ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျော့ဂယ်လိုနှင့် နစ်ဗယ်လီလွန်ဂါတို့က ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Gambino ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**





# Running ဇာတ်ကားကို ဒါရိုက်တာ ဂါဗင်းအိုကွန်နာက ရိုက်ကူးမည်ဖြစ်

**နယူးယောက် နိုဝင်ဘာ ၁၈**

Apple Original Film ရုပ်ရှင်ကုမ္ပဏီ၏ Running အမည်ရှိ ဇာတ်ကားကို The Accountant ဒါရိုက်တာ ဂါဗင်းအိုကွန်နာက တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

Running ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘီဒူဘူကေးက ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် Running ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Apple Original Film ရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်သည်။

ထို့ပြင် Running ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့်အနုပညာရှင်များကိုလည်း Apple Original Film ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း၊ ဒါရိုက်တာ ဂါဗင်းအိုကွန်နာသည် Amazon MGM ၏ The Accountant ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Myanmar Government launching anti-online scamming with might and main as a national task

## Combined military teams wiping out online scamming and gambling and other crimes in Shwe Kokko area




Scene of the systematic demolition of buildings used for online scam and gambling operations inside the KK Park area, Myawady Township.

**Nay Pyi Taw November 18**

The Government of Myanmar is launching anti-online scamming and ant-online gambling that are endangering the entire world as a national task in all seriousness, sacrificing lots of life, blood, sweat and equipment and at huge financial cost in joining in the mission to wipe out the illegal businesses.

In doing so, the Government has issued instructions to end all online scamming and online gambling and other criminal acts in Shwe Kokko area, Kayin State, while combined investigation teams formed with multiple groups including security forces and administrative teams are conducting field tours beginning this morning to ensure the instruction are being observed and taking effective actions against the scammers.

Online scammers illegally entered Myanmar through the common borders of some neighbouring countries including Thailand, and committing online scamming and gambling and other crimes. The main scammers including Chinese citizens are from among the victims of human trafficking and absconders who got involved in the illegal business through various means of incentives posted on the social media. Many of them started to participate in the criminal business in about 2015 in some Southeast Asian countries. After conflicts in some neighbours they illegal entered Myawady in the southeast part on Myanmar that was under a brief domination of Kayin armed groups via the other country by various means of transport.

In 2022, scammers built infrastructure in Laukkai area, Shan State (North), Myanmar and committed crimes including online scamming. Myanmar formed a two-country taskforce together with China and crushed the online scamming business. Although it could arrest the scammers who in reality were illegal migrants, the Myanmar Government out of humanitarian spirit and in view of country-to-country friendship, only questioned them in accord with the law and transferred 55,588 back to their countries. But it arrested the main suspects and extradited them to the relevant governments through the legal channel.



Seizure of equipment and materials used for committing online scams and gambling, uncovered in the Shwe Kokko area.

Later, online scamming arrived at Thai-Myanmar border from Shan State (North). Under the pretext of doing business for the development of KK Park area, the Mulari Aling company and Tran-Asia International Holding Group (Thailand) started a new project, erecting gambling houses and infrastructure at Shwekokko area, Myanmar Yatai International Holding Group area, Chongkhaed Garden Resort in Chongkhaed village, Myawady Township, and started the online scamming and gambling.

The Myanmar Government is crushing the illegal business through Myanmar-China-Thailand Trilateral Cooperation. Security forces are conducting area domination task in October this year after driving out KNLA and KNU terrorist insurgents and PDF terrorist insurgents under the command of NUG from KK Park area, Myawady-Maehtawthale briefly controlled by them. The government has been dismantling the illegal buildings in the areas zone wise to prevent conducting any more online scamming and criminal activities again. Till 17 November, 148 buildings out of 635 in Zone 3 were totally dismantled. It will continue to dismantle the remaining 487 buildings. The Myanmar government is systematically dismantling the buildings by using heavy equipment, and advanced mined dismantling technology.

During these operations, because the area is close to a neighbouring country, it has been found through video records that systematic measures were taken to ensure that debris from destroyed buildings did not fall into the neighbouring country's territory. Due to objections raised by the neighbouring country, video documentation of the demolition has already been officially submitted to that country.

Although those identified and arrested by the Government are individuals who illegally entered Myanmar through neighbouring countries, in the spirit of humanitarian consideration and friendly relations between nations, they are being processed in accordance with the law and subsequently transferred back to their respective countries. From October 5, 2023, to November 17, 2025, a total of 68,009 foreigners from 52 countries who were residing illegally have been repatriated to their respective countries. It has also been learned that during inspections conducted this morning in the Shwe Kokko area by joint inspection teams, including security force members and administrative organizations, measures are being taken to prevent individuals from fleeing to the neighbouring country, and efforts to block and arrest them are underway.

During today's clearance operations in the Shwe Kokko area, 346 foreigners under verification who were illegally residing in three buildings constructed without permission were found, along with a large quantity of equipment used for online fraud and



Seizure of equipment and materials used for committing online scams and gambling, uncovered in the Shwe Kokko area.

*See Page 13*



View of the completed demolition of buildings, zone by zone, inside the KK Park area, Myawady Township.



View of the completed demolition of buildings, zone by zone, inside the KK Park area, Myawady Township.

*From Page 12*

illegal gambling. Clearance operations are continuing.

Those who committed online fraud and illegal gambling exploited areas within Myanmar where territorial instability, challenges in law enforcement, and administrative limitations made full control and governance difficult. They engaged in criminal activities for personal gain. Their targeted areas – the Myawaddy-Maehtawthalay KK Park zone, Shwe Kokko area, and Kyauk Khet area – are regions where the KNLA, KNU Karen armed insurgents, so-called PDF terrorists, NCA-signatory Karen armed groups, and Border Guard Forces operate. It was found that individuals seeking personal benefit used various means to approach these armed groups, investing in and establishing infrastructure there. Furthermore, it was discovered that essential utilities for habitation such as water, electricity, communication, and other basic infrastructure in these areas were also obtained from the neighbouring country. Currently, clearance operations have been completed in the KK Park area. In the Shwe Kokko area, Kyauk Khet area, and other regions, full security has been established with security force members, and clearance operations will continue. If online fraud and illegal gambling activities are discovered, they will be effectively dealt with, eradicated, and decisively crushed.

The Myanmar government is strictly and resolutely handling cases of online fraud and illegal gambling in cooperation with the international community. Acting President of the State Chairman of the State Security and Peace Commission Senior General Min Aung Hlaing has instructed that combating crimes committed against neighbouring countries and the international community by exploiting Myanmar's territory be treated as a national duty. During recent trips to Kayin State and Mon State, he explicitly stated in meetings with departmental organizations and the public that combating online fraud and illegal gambling is being carried out as a national duty and will continue to be decisively crushed.



Apprehension of foreigners under verification who were found inside the Shwe Kokko area.

The Government will continue to extensively suppress online fraud and illegal gambling across Myanmar. Furthermore, in collaboration with participating countries, regional nations, and regional organizations involved in the Joint Cooperation Meeting on Combating Online Fraud held on November 14, 2025, in Kunming, People's Republic of China, which included China, Myanmar, Thailand, Cambodia, Laos, and Vietnam, it will be effectively prevented and suppressed. The public is also urged, upon receiving any information related to online fraud and illegal gambling, to report it to the relevant authorities, embracing the fight against these crimes as a national duty and cooperating in their eradication. 100

# Deep digital gaps persist as global internet population increases to 6 bln: ITU

**Geneva November 18**

The Global number of Internet users is estimated to be six billion, about three-quarters of the world's population, in 2025; however, digital divides in quality and affordability continue to deepen, the International Telecommunication Union (ITU) said in a report released on Monday.

The ITU's Facts and Figures 2025 confirmed steady progress in digital connectivity, saying that the global online population grew by more than 240 million people compared to the 2024 level. This year, an estimated 2.2 billion people remain offline, down from a revised estimate of 2.3 billion in 2024.

Meanwhile, the report underlined the importance of digital infrastructure, affordable services, and skills training to ensure that everyone can benefit from advancing technologies such as artificial intelligence (AI).

"This report highlights how today's digital divides are being defined by speed, reliability, affordability, and skills, all of which we must prioritize as we work toward our mission of universal connectivity," said ITU Secretary-General Doreen Bogdan-Martin.

According to the report, 5G subscriptions now account for about one-third of all mobile broadband subscriptions globally (approximately 3 billion). However, 84 percent of people in high-income countries have such access, while only 4 percent in low-income countries do. Furthermore, a typical user in a high-income country generates nearly eight times more mobile data than one in a low-income country.

Although the median price for mobile broadband has decreased, it remains unaffordable in about 60 percent of low- and middle-income countries. Significant divides persist, as 94 percent of people in high-income countries use the Internet, but the figure in low-income countries is about 23 percent. Gaps are also evident based on gender and differences in regional development.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂရိနိုင်ငံက လေကြောင်းရန်ကာကွယ်ရေးအဆင့်မြှင့်တင်ရန်အတွက် အစ္စရေးထုတ် လေကြောင်းရန်ကာကွယ်ရေးစနစ်များဝယ်ယူရန်စီစဉ်



ဂရိနိုင်ငံသည် နိုင်ငံတော်လေကြောင်းရန်ကာကွယ်ရေးကွန်ရက်ကို Achilles' Shield ဟု အမည်ပေးထားသည့် လေကြောင်းရန်ကာကွယ်ရေး အဆင့်မြှင့်တင်ရန်အတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံဖြင့် အစ္စရေးလေကြောင်းရန်ကာကွယ်ရေးစနစ်များ ဝယ်ယူရန်စီစဉ်နေကြောင်း Greek City Times သတင်းစာက နိုဝင်ဘာ ၁၁ ရက်တွင် ဖော်ပြခဲ့သည်။

ဤလုပ်ဆောင်ချက်သည် အစ္စရေး၏ ကာကွယ်ရေးနည်းပညာဘက်သို့ ဦးတည်လိုက်ခြင်းကိုပြသနေပြီး နိုင်ငံနှစ်နိုင်ငံကြား မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုတိုးပွားလာနေခြင်းကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။

ဂရိနိုင်ငံသည် လေကြောင်းရန်ကာကွယ်ရေးကွန်ရက်ကို အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံဖြင့် အဆင့်မြှင့်တင်ရန် အစီအစဉ်၏ ရည်ရွယ်ချက်မှာ ခေတ်မမီတော့သည့် ရုရှားနှင့် အမေရိကန်ထုတ်စနစ်များ၏ ရောနှောအသုံးပြုမှုကို အစ္စရေးကာကွယ်ရေးကန်ထရိုက်တာများထံမှ အဓိကရယူထားသော ပေါင်းစပ်ထားသည့် အလွှာပေါင်းစုံပါ ကွန်ရက်ဖြင့် အစားထိုးရန်ဖြစ်သည်။ ဤကြိုးပမ်းမှုသည် ဆယ်စုနှစ်များအတွင်း ဂရိနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးကို အကြီးမားဆုံးပြုပြင်ပြောင်းလဲမှုအဖြစ် ဖော်ပြထားကြသည်။

Achilles' Shield အစီအစဉ်ကို ဂရိကာကွယ်ရေးဝန်ကြီးဌာနက ယခုနှစ်အစောပိုင်းတွင်မိတ်ဆက်ခဲ့ပြီး ကနဦးရန်ပုံငွေ အမေရိကန်ဒေါ်လာ သုံးဘီလီယံပါဝင်သည်။ ယခုအစီအစဉ်သည် ၂၀၃၆ ခုနှစ်ထိ ယူရို ၂၈ ဘီလီယံတန်ဖိုးရှိ ပိုမိုကျယ်ပြန့်သော ၁၂ နှစ်တာကာကွယ်ရေး မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ လက်ရှိ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံ စီမံကိန်းအဆင့်၏ အဓိကအချက်မှာ သက်တမ်းရင့်နေသော တာတို၊ တာလတ်၊ တာဝေး မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်များကို အရေးတကြီးအစားထိုးရန်ဖြစ်သည်။

ဂရိ-အစ္စရေး လေကြောင်းရန်ကာကွယ်ရေးသဘောတူညီချက်၏ အပြည့်အစုံအတိုင်းအတာ၊ စာချုပ်လက်မှတ်ရေးထိုးမှုများ၊ ပေးပို့မှုအချိန်ဇယားများနှင့်ပေါင်းစပ်မှုအချိန်ဇယားများကို ထုတ်ပြန်ရန်ကျန်ရှိနေသေးသည်။ သို့သော် ဂရိမီဒီယာအများအပြားနှင့် ကာကွယ်ရေးလုပ်ငန်းအရင်းအမြစ်များက လေကြောင်းရန်ကာကွယ်ရေးစနစ်များ၏ ပထမဆုံးအကြိမ်တပ်ဆင်မှုကို ၂၀၂၆ ခုနှစ်တွင် စတင်ရန်ဖြစ်ပြီး ၂၀၂၈ ခုနှစ်မကုန်မီ စစ်ဆင်ရေးအပြည့်အဝစွမ်းဆောင်နိုင်မှုကို မျှော်မှန်းထားကြောင်း သိရသည်။ ဤကူးပြောင်းမှုကို စွမ်းဆောင်ရည်ကွာဟချက်များ အနည်းဆုံးဖြစ်အောင် စီမံခန့်ခွဲနေပြီး အရေးကြီးသော အခြေခံအဆောက်အအုံများနှင့် တန်ဖိုးမြင့်ကာကွယ်ရေးဇုန်များကို ကြားဖြတ်စစ်ဆင်ရေးအစီအမံများ စီစဉ်ထားကြောင်း သိရသည်။

ဂရိလေကြောင်းရန် ကာကွယ်ရေး အသွင်ကူးပြောင်းမှုသည် ခန့်မှန်းထားသော အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံဖြင့်အတည်ပြုနိုင်ပါက မူလ ရုရှားထုတ် S-300 လေကြောင်းရန်ကာကွယ်ရေးစနစ်ဝယ်ယူမှုနောက်ပိုင်း ဂရိနိုင်ငံ၏ အကြီးမားဆုံးဝယ်ယူမှုဖြစ်လာမည်ဖြစ်ပြီး နောင်ဆယ်စုနှစ်အတွက် ဂရိတပ်ဖွဲ့များ၏ မဟာဗျူဟာမြောက်သတ်မှတ်ဖော်ပြသည့် အစိတ်အပိုင်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ဤအစီအစဉ်သည် ချက်ချင်းရရှိမည့် ကာကွယ်ရေး အကျိုးအမြတ်များအပြင် ဂရိနိုင်ငံ၏ ရေရှည်ကာကွယ်ရေး-စက်မှုလုပ်ငန်းဆိုင်ရာဦးတည်ချက်ကို အစ္စရေးနှင့် NATO စနစ်များနှင့် ခိုင်မာစေမည်ဖြစ်ပြီး ဂရိနိုင်ငံ၏ အနောက်တိုင်းကာကွယ်ရေး ထောက်ပံ့ရေးကွင်းဆက်များသို့ ပေါင်းစည်းမှုကို နက်ရှိုင်းစေကာ ဒေသတွင်းတင်းမာမှုများ မြင့်တက်လာနေချိန်တွင် ဟန့်တားနိုင်စွမ်းကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**Greece to buy $3.5B Israeli missile systems for Achilles' Shield air defense program** ကို ဘာသာပြန်ဆိုထားပါသည်။

## အိန္ဒိယနိုင်ငံက အစ္စရေးနိုင်ငံ၏ဒုံးကျည်စနစ်များကို ပြည်တွင်း၌ ပူးတွဲထုတ်လုပ်ရန် စီစဉ်နေ




အိန္ဒိယနိုင်ငံသည် အစ္စရေးနိုင်ငံအခြေစိုက် Israel Aerospace Industries (IAI) ကုမ္ပဏီ၏ Air Lora ပဲ့ထိန်းဒုံးကျည်များနှင့် Rafael Advanced Defense Systems ကုမ္ပဏီ၏ Ice Breaker ခရုဇ်ဒုံးကျည်များကို ဝယ်ယူရန် စီစဉ်လျက်ရှိသည့်အပြင် အိန္ဒိယနိုင်ငံ၏ Make in India အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပြည်တွင်း၌ ပူးတွဲထုတ်လုပ်ရန် စီစဉ်လျက်ရှိကြောင်း အောက်တိုဘာ ၁၂ ရက်တွင် India Defence Research Wing သတင်းဌာနက ထုတ်ပြန်ထားသည်။

အဆိုပါလုပ်ဆောင်ချက်သည် အိန္ဒိယနှင့် အစ္စရေးနိုင်ငံတို့ကြား ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် Rajesh Kumar Singh နှင့် အစ္စရေး ကာကွယ်ရေးညွှန်ကြားရေးမှူးချုပ် Amir Baram တို့ကြား နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးပြီးနောက် သတင်းများထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံနှင့် မဟာဗျူဟာမြောက်ဆွေးနွေးမှုသည် နှစ်နိုင်ငံစလုံးအတွက် အရေးပါသော ဆွေးနွေးမှုတစ်ခုဖြစ်ကြောင်း၊ ၎င်းတို့၏ပူးပေါင်းဆောင်ရွက်မှုသည် နက်ရှိုင်းသောအပြန်အလှန်ယုံကြည်မှုနှင့် လုံခြုံရေးဆိုင်ရာအကျိုးစီးပွားများအပေါ် အခြေခံထားကြောင်း၊ ၎င်းတို့က အိန္ဒိယနိုင်ငံကို ပထမအဆင့်မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံအဖြစ် သတ်မှတ်ထားရှိပြီး ကာကွယ်ရေး၊ နည်းပညာနှင့် စက်မှုလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားရန် ဆုံးဖြတ်ထားကြောင်း Amir Baram က Jewish News Syndicate သတင်းဌာနသို့ ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အတွင်း အစ္စရေးနိုင်ငံ၏ ကာကွယ်ရေးပို့ကုန် စုစုပေါင်း ၃၄ ရာခိုင်နှုန်းခန့်ကို ဝယ်ယူခဲ့ပြီး အစ္စရေးနိုင်ငံ၏ ကာကွယ်ရေးလုပ်ငန်းများတွင် အကြီးဆုံးဖောက်သည်နိုင်ငံ ဖြစ်လာခဲ့ကြောင်း အစ္စရေး Globes သတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ကြား မကြာသေးမီက ဖြစ်ပွားခဲ့သည့် ပဋိပက္ခအတွင်းတွင် Rampage ဒုံးကျည်များသည် အောင်မြင်မှုများစွာရရှိခဲ့သည်။ အိန္ဒိယနိုင်ငံသည် IAI ကုမ္ပဏီ၏ Air Lora ဒုံးကျည်များကိုလည်း ထပ်မံဝယ်ယူလိုကြောင်း အကြံပြုထားသည်။ Rampage ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၂၅၀ ထိ ပစ်ခတ်နိုင်ပြီး အိန္ဒိယလေတပ်မှ Sukhoi 30 နှင့် MiG 29 လေယာဉ်များတွင် တပ်ဆင်အသုံးပြုလျက်ရှိသည်။ အဆိုပါဒုံးကျည်သည် ပစ်မှတ်ကိုတိုက်ခိုက်ရာတွင် တိကျမှုမြင့်မားသော်လည်း ၎င်း၏ပစ်ခတ်နိုင်မှုအကွာအဝေးကြောင့် အိန္ဒိယတိုက်ခိုက်ရေးလေယာဉ်များသည် ပါကစ္စတန်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များ၏ခြိမ်းခြောက်မှုကို ရင်ဆိုင်ရနိုင်သည်။ Air Lora ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၄၀၀ ထိ ပစ်ခတ်နိုင်သောကြောင့် တပ်ဆင်အသုံးပြုထားသည့် တိုက်လေယာဉ်များကို အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေး စနစ်များ၏ ခြိမ်းခြောက်မှုကိုမခံရဘဲ ပစ်မှတ်များကို တိကျစွာတိုက်ခိုက်နိုင်ကြောင်း Globes သတင်းဌာနက ထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံသည် မြေပြင်နှင့်ပင်လယ်ပြင်ရှိ ပစ်မှတ်များကို အကွာအဝေး ကီလိုမီတာ ၃၀၀ ခန့်ထိ တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားသည့် အစ္စရေးနိုင်ငံ၏ Ice Breaker ခရုဇ်ဒုံးကျည်ကိုလည်း စိတ်ဝင်စားလျက်ရှိသည်။ အဆိုပါဒုံးကျည်သည် မည်သည့်ရာသီဥတုမျိုးတွင်မဆို ထိရောက်စွာ ပစ်ခတ်တိုက်ခိုက်နိုင်ပြီး ဆက်သွယ်ရေးနှင့်ရေဒါများကို အနှောင့်အယှက်ပေးနိုင်သည့်စနစ်များ ပြည့်နှက်နေသည့်နေရာများတွင်လည်း စွမ်းဆောင်ရည်ကောင်းများပေးစွမ်းနိုင်သည်။ ဉာဏ်ရည်တုနည်းပညာမှတစ်ဆင့် ပစ်မှတ်များကို ရှာဖွေဖော်ထုတ်နိုင်သည့်အပြင် အနီအောက်ရောင်ခြည်ကို အခြေခံသည့် လမ်းညွှန်မှုနှင့် ဒုံးကျည်ထိန်းချုပ်မှုစွမ်းရည်များလည်း ပါဝင်ကြောင်း သိရသည်။

**India eyeing joint production of lethal israeli missile systems** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၀၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း၂၀၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖောင်းပြင်မြို့နယ်တွင် ဖူးစားပြောင်း ၄၆၃၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၀၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဖောင်းပြင်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ဖူးစားပြောင်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဖူးစားပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးပြုလုပ်အသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)






# လေးမျက်နှာမြို့နယ် လဟာကြီးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်၍ကော်မတီဖွဲ့စည်း



**လေးမျက်နှာ နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက လဟာကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)အကြောင်းကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ကော်မတီဝင်များ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

လေးမျက်နှာမြို့နယ် လဟာကြီးကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးထံမှ သိရသည်။

**သံသာ**

# ကြံခင်းမြို့နယ်တွင် ဒေသထွက်ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကြံခင်း နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်မှ ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးသူက ပြောပြ၍ သိရသည်။

ကြံခင်းမြို့နယ်တွင် နိုဝင်ဘာလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ဒေသထွက်ကြက်ဟင်းခါးသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊အဆိုပါဒေသတွင် ထွက်ရှိသည့် ရောင်းတန်းဝင်ကြက်ဟင်းခါးသီးများ တစ်ရက်လျှင်အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကြံခင်းမြို့နယ်ကနေ ထွက်ရှိတဲ့ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိမှာ စိုက်ထားတဲ့ကြက်ဟင်းခါးတွေ ထွက်နေပါတယ်။ ကြက်ဟင်းခါးသီးတွေက အရည်အသွေးလဲ ကောင်းပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်အပြင် အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ကာ အထွက်နှုန်းလဲကောင်းပါတယ်"ဟု ကြံခင်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးသူက ပြောပြသည်။



ကြံခင်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင်စသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ကြံခင်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးသူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် မင်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေရစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကျက်သကိုင်ကျေးရွာအုပ်စု မင်းတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၁၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ကတက်ရောက်လာသူများကို မိတ်ဆက်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလနှင့် ငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မင်းတဲကျေးရွာ၌ ရန်ပုံငွေကျပ် ၄၂ ဒသမ ၁ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြို့နယ်မှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ နဝမအကြိမ်အဖြစ် မင်းတဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၉ ဦးကို ရန်ပုံငွေကျပ် ၄၂ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia နှင့်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ကြိုတင်ဆန္ဒမဲပေးခြင်းဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနှင့် စပ်လျဉ်း၍ သိရှိလိုသည်များ၊ ရွေးကောက်ပွဲအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia အား လက်ခံတွေ့ဆုံစဉ်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ပြည်တွင်း၊ပြည်ပမှ မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်နေမှုများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် နိုင်ငံတကာမှရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ သံတမန်များအား ရွေးကောက်ပွဲစောင့်ကြည့်လေ့လာနိုင်ရေးဆောင်ရွက်နေမှုများ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ လုံခြုံအေးချမ်းစွာမဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ မအူပင်မြို့နယ်သို့ရောက်ရှိ၊ လေးအိမ်စုကျေးရွာ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၈**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာသို့ ရောက်ရှိကြရာ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ စတုဘုမ္မိက-မဟာသတိပဋ္ဌာန်ကျောင်းတိုက်၌အခြေပြု၍ လေးအိမ်စုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၂၄ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၆၄ ဦး၊ ခွဲစိတ်ရောဂါ ၃၆ ဦး၊ သားဖွားမီးယပ်ရောဂါ ၅၂ ဦး၊ ကလေးရောဂါ ၄၄ ဦး၊ အရိုးရောဂါ ၃၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဦးရေ ၇၀ ၊ မျက်စိရောဂါ ၈၂ ဦး၊ သွားနှင့်ခံတွင်းရောဂါ ၃၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ရှစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ လေးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၈ ဦး တို့ကိုရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏စကားသံများကို ယခုလိုပဲ ကြား သိခဲ့ရပါတယ်–

“အရင်တုန်းကတော့ ရောဂါတော်တော်ရှင်းရှင်းပဲ။ နောက်ကျန်ခဲ့တဲ့နှစ်နှစ်လောက်ကျတော့ တစ်နှစ်လုံးလုံးကမူးနေတာ။ ငုတ်တုတ်ပဲအိပ်ရတယ်။ တုံးလုံးလဲအိပ်လို့မရဘူး။ နောက် ဒီကဆရာဝန်တွေနဲ့ပြကြည့်ပြီး သူတို့ကုသပေးတော့ ရောဂါသက်သာပြီး အိပ်လို့ရသွားတယ်။ ခေါင်းမူးတဲ့ဝေဒနာကတော့ တစ်ခါတစ်ရံမှာပြန်ဖြစ်တဲ့အတွက်လဲပါတယ်။ နောက်နှလုံးခုန်မြန်တဲ့ဝေဒနာလဲခံစားရတဲ့အတွက်ကြောင့် အခုလာပြတာပါ။ ဆရာဝန်တွေပြောတာကတော့ နှလုံးကြီးတယ်လို့ပြောတယ်။ အဲဒီရောဂါကြောင့်



လေလဲဖြစ်နိုင်တယ်။ ဒ့ါပြင် အခြား ရောဂါတွေလဲဖြစ်တတ်တယ်လို့ ပြောတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ ဒီဆေးတွေကို အပြတ်မခံဘဲ ဝယ်သောက်နေရပါတယ်။ အခုလိုနယ်လှည့်ဆေးကုအဖွဲ့တွေလာရောက်ကုသတဲ့အချိန်မှာ လာပြတာက ဆေးကုသစရိတ်လည်းမကုန်ဘူး။ ဆေးတွေလုံလုံလောက်လောက်ပေးပါတယ်။ အခုလိုဆေးလာရောက်ကုသပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အခုလိုလာရောက်လှည့်လည်ဆေးကုပေးတဲ့အတွက် ဝမ်းလဲဝမ်းသာပါတယ်။ ဒေသခံပြည်သူတွေလဲ အခမဲ့ ဆေးကုသခွင့်ရတဲ့အတွက်ကြောင့်



အခုလို စီစဉ်ပေးတဲ့နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူများနဲ့ ဆေးကုသပေးတဲ့သူတွေ အားလုံးကို ကျေးဇူးလဲတင်ပါတယ်။ဝမ်းလဲသာပါတယ်”ဟု ပြောသည်။

“အထွေထွေမူးတာပေါ့ ကျီးပေါင်းဖြစ်ဖူးလို့ မူးလို့အဲဒါလာပြတာ။ ဆေးကအရင်တုန်းက သောက်တယ်ပေါ့။ အခုကဖြတ်လိုက်တော့ ဆရာကြီးက စွဲသောက်ရမယ့်ဆေးကို ညွှန်ပြလိုက်တယ်ပေါ့နော်။ သေသေချာချာလဲမေးတယ်။ တချို့ဆိုလို့ရှိရင် ကျန်းမာရေးမကောင်းဘူး ကိုယ်ကဆေးခန်းပြချင်တာတောင်မှ ငွေရေးကြေးရေးအခက်အခဲ အခုကမလွယ်ဘူးလေ တစ်ခေါက်တစ်ခေါက် ခရီးစရိတ်ကအစ မလွယ်တဲ့အခါကျတော့ သွားရတာအဆင်မပြေဘူး။ အခုလိုမျိုးလာရောက်တဲ့အခါကျတော့ ငွေရေးကြေးရေး အတွက် ဘာမှမပူရဘူး။ အကုန်လုံးအဆင်ပြေတယ်ပေါ့နော်။ အခုလိုမျိုးနယ်လှည့်ဆေးကုသရေးအဖွဲ့ကိုစေလွှတ်ပေးတဲ့ တာဝန်ရှိတဲ့ အကြီးအကဲတွေကိုရော လာရောက်ပြီးတော့ ကုသပေးတဲ့ ဆရာတွေအကုန်လုံးရော တာဝန်ရှိသူအကုန်လုံးအားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြည်သူလူထုတွေရဲ့ ကိုယ်စားရော၊ ဝန်ထမ်းတွေရဲ့ ကိုယ်စားရော အားလုံးကို ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

(၅၀၁)

# ၃၃ ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း စင်ကာပူနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၁၈**

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် ၃၃ ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှစင်ကာပူနိုင်ငံသို့လေကြောင်းခရီးဖြင့်ထွက်ခွာကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

၃၃ ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက် မှ ၂၇ ရက်ထိ အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှ သေနတ်ပစ်အသင်းများဖြင့် ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ ရိုင်ဖယ်အသင်း၊ ကာဘိုင်အသင်း၊စက်သေနတ်အသင်း၊ပစ္စတိုအမျိုးသားအသင်းနှင့် ပစ္စတိုအမျိုးသမီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးသိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၄၂ ဦးတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ၃၃ ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းကို နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။**



### ❑ ဟိုင်းကြီးကျွန်းမြို့သို့ရောက်ရှိမှ

မွန်းလွဲပိုင်းတွင် ဟိုင်းကြီးကျွန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစစ်ဆေးခြင်းများ စတင်ဆောင်ရွက်ပေးကြသည်။

ဦးစွာ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ကလေးရောဂါကုပါရဂူက တစ်သက်တာကျန်းမာရေး၊ တစ်ကိုယ်ရေကျန်းမာရေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ဟောပြောဆွေးနွေးသည်။ ထို့နောက် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျောင်းသား၊ကျောင်းသူဦးရေ ၁၅၀ တို့ကို ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြသည်။ ထို့အတူ တာဝန်ရှိသူများက ဟိုင်းကြီးကျွန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် သန်ချဆေးနှင့် အားဆေးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**





# ၂၀၂၅ ခုနှစ် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့တွင် ပုလဲအတွဲ ၂၂၄ တွဲ ရောင်းချရ

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၂၅ ခုနှစ် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက်သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ပြပွဲတွင်ရောင်းချမည့် ပုလဲအတွဲများကို ရတနာကုန်သည်များကကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပုလဲအတွဲအမှတ်(၁)မှ အတွဲအမှတ် (၂၄၆)ထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲ ၂၂၄ တွဲ



ရောင်းချရကြောင်း ကြေညာသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ နာယကသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများတင်ဒါဖွင့်ဖောက်စစ်ဆေး၍ ရောင်းချနေမှု၊ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များ လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ တာဝန်ရှိသူများကို မှာကြားသည်။

ပြပွဲတတိယနေ့တွင် ပုလဲအတွဲအမှတ်(၂၄၇)မှ အတွဲအမှတ်(၄၈၉)ထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ယခုပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်ထိ ကျင်းပလျက်ရှိရာ ကျောက်စိမ်းအတွဲစုစုပေါင်း ၅၀၈၅ တွဲ၊ ကျောက်မျက်ရိုင်းအတွဲ ၁၃တွဲနှင့်ကျောက်မျက်လက်ဝတ်ရတနာအတွဲ ၁၄၇ တွဲ စုစုပေါင်းအတွဲ ၁၆၀ နှင့် ပုလဲအတွဲ ၄၈၉ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ပြပွဲတွင်အသုံးပြုမည့် နိုင်ငံခြားငွေအမျိုးအစားများမှာ အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားတို့ဖြစ်သည်။

ပုလဲအတွဲများကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်ထိလည်းကောင်း၊ ကျောက်မျက်အတွဲများအားလုံးကို နိုဝင်ဘာ ၂၀ ရက်တွင်လည်းကောင်း၊ အုပ်စု(အေ၊ ဘီ၊ စီ)အဖြစ် သုံးအုပ်စုခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၅၀၈၅ တွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၆ ရက်ထိလည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့အတူ မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၆၄ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားပြုလုပ်



အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ ၆၄ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြ အခမ်းအနား ကျင်းပ ပြုလုပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၈**

အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ ၆၄ နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို စစ်ရေးပြအစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ထို့နောက် တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်၊ မိသားစုများအား ဂုဏ်ပြုဆုများပေးအပ်ခြင်းကို တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ပြုလုပ်ရာ စံပြကင်းသားဆုရရှိသူ၊ နယ်မြေလုံခြုံရေးဆောင်ရွက်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များ၊ သင်တန်းအသီးသီးတွင် ဆုရရှိကြသူများ၊ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသူများ၊ ပညာရည်ချွန်ဆု ရရှိကြသူများနှင့် အိမ်ထောင်သည် လိုင်းခန်းသန့်ရှင်းရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် ဆုရရှိကြသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

ထို့အတူ တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ရှေ့ဖုံးမှအဆက်

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးမစတင်မီ ဒုတိယဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တက္လန္ဒာစရိယက တင်သွင်းလျှောက်ထားပြီး နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တဝိရောစနကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒပါလကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုဘောဂကလည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများကဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ၌ ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)+ ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၁၈**

မနက်ဖြန် မွန်းတည့်ချိန်ထိခန့်မှန်းချက်မှာ နေပြည်တော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး)တို့တွင် ကျောင်းအပ်လက်ခံမည့်ရက်နှင့် ကျောင်းစတင်ဖွင့်လှစ်မည့်ရက် ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနကြီးကြပ်မှုအောက်ရှိ သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး)တို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်(၂၀၂၅ ခုနှစ်အောင်) (ပထမနှစ်ဝက်)သင်တန်းနှင့် ဒုတိယနှစ်(ပထမနှစ်ဝက်)သင်တန်းများကို နိုဝင်ဘာ ၁၇ ရက်(တနင်္လာနေ့)မှစ၍ ကျောင်းအပ်လက်ခံပြီး နိုဝင်ဘာ ၂၄ ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သမဝါယမဦးစီးဌာနမှ သိရသည်။ (သတင်းစဉ်)

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၁၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Great Motor Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KARRY ELEPHANT EV X5 နှင့် KARRY COWFISH EV E5 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Tharaphu Soe Myint Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် CHANGAN DEEPAL S7 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် နိုဝင်ဘာ၁၇ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် ညအပူချိန်များ

(၁၈ - ၁၁ -၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၁၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၁၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၁၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၁၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုးညှင်း | ၁၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၁၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၁၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၁၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

လျှပ်စစ်မီတာခ သက်သာဖို့
LED ပစ္စည်း သုံးကြစို့။

# မွန်တိုးတက်ရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၁၈**

**မွန်တိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူး မင်းထွန်းလွင်က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မင်းထွန်းလွင် (မွန်တိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူး)**

မင်္ဂလာပါခင်ဗျာ…

လေးစားအပ်တဲ့ မဲဆန္ဒရှင်မိဘပြည်သူ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်တိုးတက်ရေးပါတီရဲ့ အထွေထွေအတွင်းရေးမှူး မင်းထွန်းလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်တိုးတက်ရေးပါတီရဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို တင်ပြသွားမှာဖြစ်ပါတယ်။

မွန်တိုးတက်ရေးပါတီဟာ ၂၀၂၃ ခုနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ကရင်ပြည်နယ်အတွင်းမှာ လှုပ်ရှားဆောင်ရွက်တဲ့ မွန်တိုင်းရင်းသားကိုယ်စားပြုပါတီအဖြစ် ဖွဲ့စည်းပြီး မှတ်ပုံတင်ခွင့်လျှောက်ထားခဲ့ရာမှာ ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်မှာ မှတ်ပုံတင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ဖွဲ့စည်းစပါတီတစ်ရပ်ဖြစ်တဲ့အလျောက် လာမယ့်ဒီဇင်ဘာ ၂၈ ရက်မှာကျင်းပမယ့် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ မွန်တိုးတက်ရေးပါတီအနေနဲ့ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ မဲဆန္ဒနယ်အသီးသီးကနေ ကိုယ်စားလှယ်လောင်း သုံးဦးသာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံရေးပါတီတွေအနေနဲ့ ပါတီရဲ့နိုင်ငံရေးရပ်တည်ချက်နဲ့ မူဝါဒလုပ်ငန်းစဉ်တွေနဲ့အညီ နိုင်ငံတော်နဲ့ပြည်သူ့အကျိုးသယ်ပိုးနိုင်ခွင့်ရနိုင်ဖို့ရာ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ ရွေးချယ်အပ်နှင်းမှုက အဓိကအကျဆုံးဖြစ်တဲ့အတွက် ကျွန်တော်တို့ပါတီရဲ့ဖြစ်တည်မှုနဲ့ ထားရှိတဲ့ နိုင်ငံရေးရည်မှန်းချက်၊ မူဝါဒလုပ်ငန်းစဉ်တွေကို မိဘပြည်သူတွေ သိရှိအောင် အကျဉ်းချုပ်တင်ပြလိုပါတယ်။

မွန်တိုးတက်ရေးပါတီဟာ တိုင်းရင်းသားကိုယ်စားပြု နိုင်ငံရေးပါတီဖြစ်ပြီး ကရင်ပြည်နယ်အတွင်းမှာသာ လှုပ်ရှားဆောင်ရွက်တဲ့ ပါတီငယ်တစ်ရပ်ဖြစ်ပေမယ့်လည်း စုံလင်ကွဲပြားမှုတွေနဲ့ တည်ဆောက်ထားတဲ့ပြည်ထောင်စုကြီးမှာ ပြည်သူတွေလိုလားတောင့်တတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်သွားမယ့်နိုင်ငံရေးဖြစ်စဉ်မှာ အရေးကြီးတဲ့အခန်းကဏ္ဍကနေ ပါဝင်အားဖြည့်နိုင်လိမ့်မယ်လို့ယုံကြည်ထားပါတယ်။

**မိဘပြည်သူများနဲ့တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ဒီပစ္စုပ္ပန်ကာလနိုင်ငံရေးအကျပ်အတည်းတွေ၊ ပဋိပက္ခတွေနဲ့ရင်ဆိုင်ကြုံတွေ့နေရတဲ့အချိန်မှာ ကျင်းပမယ့်ရွေးကောက်ပွဲအပေါ် ထင်မြင်ချက်ယူဆချက်အမျိုးမျိုး၊ တုံ့ပြန်မှုအမျိုးမျိုးရှိနေကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့မွန်တိုးတက်ရေးပါတီအနေနဲ့က ကြုံတွေ့ရတဲ့နိုင်ငံရေးလောကစံတွေကို နိုင်ငံနဲ့ပြည်သူလူထု ထိခိုက်မှုအနည်းဆုံးဖြစ်အောင် နည်းလမ်းရှာပြီး ရင်ဆိုင်ကျော်လွှားသွားရမှာပဲလို့ ယုံကြည်ထားပါတယ်။

**မွန်တိုးတက်ရေးပါတီအနေနဲ့ ပါတီရဲ့မူဝါဒဖြစ်တဲ့**

ပါတီစုံဒီမိုကရေစီစနစ်အခြေတည်ခိုင်မာလာစေရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားတို့နှင့်ပြည့်စုံသည့် ဒီမိုကရေစီနိုင်ငံတည်ဆောက်ရန်။

ဒေသတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးတည်ဆောက်ရန်နှင့်နိုင်ငံတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်လာရေးတွင် ပါဝင်ဆောင်ရွက်ရန်။

တိုင်းရင်းသားလူမျိုးစုအားလုံး၏အစုအဖွဲ့ဆိုင်ရာ ကိုယ်ပိုင်အမှတ်အသားသရုပ်လက္ခဏာများကို အသိအမှတ်ပြုသည့်အပြင် ပြည်သူတစ်ဦးချင်းစီ၏ တိုင်းရင်းသားအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝခံစားခွင့်ရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ်တည်ထောင်ရန်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူ့အခွင့်အရေးအပြည့်အဝရရှိစေရန်နှင့် လွတ်လပ်သောလူမှုဘဝကို ရရှိခံစားနိုင်ကြစေရန်။

အဂတိလိုက်စားမှုကင်းစင်ပပျောက်ပြီး တရားဥပဒေစိုးမိုးရေး ပီပီပြင်ပြင်ဖြစ်ထွန်းခိုင်မာလာစေရန် စတဲ့ရည်မှန်းချက်ကိုရောက်ရှိနိုင်ဖို့ ဦးလည်မသုန်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မွန်တိုးတက်ရေးပါတီဟာ ပြည်နယ်အတွင်းမှာ လှုပ်ရှားဆောင်ရွက်တဲ့ ပါတီတစ်ရပ်ဖြစ်ပေမယ့် ပြည်ထောင်စုတစ်ခုလုံးရဲ့အကျိုးကိုအာရုံစိုက်ပြီး အားလုံးနဲ့သဟဇာတဖြစ်မယ့် မူဝါဒလုပ်ငန်းစဉ်တွေ ရေးဆွဲအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်နဲ့မဲဆန္ဒရှင်ပြည်သူတွေအကျိုးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍအသီးသီးမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံရေးကဏ္ဍမှာ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုဖော်ဆောင်ရေး၊ တိုင်းရင်းသားလူနည်းစု အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး စတဲ့အချက်တွေကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။



စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးနဲ့ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွေအတွက် နည်းလမ်းပေါင်းစုံနဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အထူးသဖြင့် မွန်တိုးတက်ရေးပါတီဟာ တိုင်းရင်းသားပါတီဖြစ်တဲ့အလျောက် တိုင်းရင်းသားကဏ္ဍအနေနဲ့ လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေတွေ ရေးဆွဲပြီး တိုင်းရင်းသားအခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်ဖို့၊ တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာတွေကို အားပေးမြှင့်တင်နိုင်ဖို့ အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ တင်ပြလိုတာကတော့ မွန်တိုးတက်ရေးပါတီဟာ မြန်မာပြည်တစ်နံတစ်လျားမှာနေထိုင်ကြတဲ့ မွန်လူမျိုးတွေနဲ့တကွ တိုင်းရင်းသားပြည်သူအားလုံးအတွက် တစ်နိုင်ငံလုံးလွှမ်းခြုံတဲ့ ငြိမ်းချမ်းရေးရရှိနိုင်ရေး၊ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ တိုင်းရင်းသားသွေးချင်းညီနောင်တွေနဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပြီး အထက်ကတင်ပြခဲ့တဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို မဲဆန္ဒရှင်ပြည်သူလူထုရဲ့ အားပေးထောက်ခံမှုနှင့်အတူ ဆိုင်ရာဆိုင်ရာအင်အားစုတွေနဲ့ အစဉ်တစိုက် လက်တွဲပူးပေါင်းအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ဘယ်လိုရလဒ်ရရှိသည်ဖြစ်စေ မွန်တိုးတက်ရေးပါတီအနေနဲ့ ပါတီရဲ့မူဝါဒလုပ်ငန်းစဉ်တွေအတိုင်း ပြည်သူလူထုအကျိုး၊ ဒေသအကျိုးနဲ့ နိုင်ငံ့အကျိုးကို ဆက်လက်သယ်ပိုးသွားမှာဖြစ်ပါတယ်။

ဘယ်လိုစိန်ခေါ်မှု အခက်အခဲတွေရှိနေပါစေ၊ မိဘပြည်သူများ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများရဲ့ကောင်းကျိုးအတွက် အစွမ်းရှိသမျှ သယ်ပိုးသွားမှာဖြစ်တဲ့အတွက် မွန်တိုးတက်ရေးပါတီကို အားပေးကြပါလို့ တိုက်တွန်းရင်း မိဘပြည်သူအပေါင်း လိုရာဆန္ဒပြည့်ဝကြရပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ကျွန်တော့်ရဲ့တင်ပြချက်ကို နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျာ…။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"တိုင်းပြည်လည်း နာရသလို ပြည်သူလည်းနာရတဲ့ အကြမ်းဖက်သမားတွေရဲ့ ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများ"** ခေါင်းစဉ်ဖြင့် ၁၉-၁၁-၂၀၂၅ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၆-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"ပြည်သူတွေ မျှော်လင့်တောင့်တတဲ့ စစ်မှန်သောရွေးကောက်ပွဲပေါ်ပေါက်ရေး"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၁၈**

**ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နန်းခင်စန်းကြည်က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**နန်းခင်စန်းကြည် (ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ)**

လေးစားအပ်ပါသော ပြည်ထောင်စုတစ်ဝန်းလုံးမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများရှင် -

မင်္ဂလာရှိတဲ့မနက်ဖြန်တွေကိုဖန်တီးဖို့အတွက် ယနေ့ဒီမိုကရေစီခရီးမှာ ပြည်သူလူထုနှင့်အတူရပ်တည်နေတဲ့ ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီကိုယ်စား ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ကျွန်မနန်းခင်စန်းကြည်က နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မတို့ဟာ ခေတ်သစ်ကိုတည်ဆောက်သူတွေဖြစ်လာဖို့ ကျွန်မတို့ပါတီရဲ့မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်တွေကို တင်ပြသွားမှာပဲဖြစ်ပါတယ်ရှင်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများရှင်**

ကျွန်မတို့နိုင်ငံဟာ ကွဲပြားခြားနားတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ဖွဲ့စည်းထားတဲ့ နိုင်ငံတော်တစ်ခုဖြစ်ပါတယ်။ ပဋိပက္ခဒဏ်ရာတွေကို ကုစားဖို့အတွက် ကျွန်မတို့ဟာအတိတ်ကိုစွန့်လွှတ်ပြီး ရှေ့ကိုသာဆက်လျှောက်ကြရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီရဲ့ ပထမဆုံးသောရည်မှန်းချက်ကတော့ မြန်မာပြည်အနှံ့အပြားမှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးဟာ တန်းတူအခွင့်အရေးနဲ့ လေးစားမှုကိုရရှိစေမယ့်ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာတည်ဆောက်ရေးပဲဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဆိုတာ တန်းတူအခွင့်အရေးရရှိပြီး အပြန်အလှန်လေးစားမှုဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာတည်ဆောက်ခြင်းသည်သာ အနှစ်သာရဖြစ်ပါတယ်။

ကျွန်မတို့ပါတီအနေနှင့် ငြိမ်းချမ်းရေးအတွက်အတားအဆီးမှန်သမျှကို တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းနဲ့သာအဖြေရှာပြီး ရင်ဆိုင်ဖြေရှင်းသွားမယ်ဆိုတာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးကို အတိအလင်းပြောကြားလိုပါတယ်။

ကျွန်မတို့ပါတီရဲ့အဓိကမူဝါဒဟာ မြန်မာနိုင်ငံသားတိုင်း လိုလားတောင့်တနေတဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ဖို့ရန်ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးဟာ တန်းတူအခွင့်အရေးနှင့်အတူ လေးစားမှုအပြည့်အဝဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာတည်ဆောက်၍ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ပြီး ဂုဏ်သိက္ခာရှိတဲ့ အနာဂတ်တစ်ခုကိုပိုင်ဆိုင်နိုင်ရမယ်ဆိုတဲ့ ခိုင်မာတဲ့ယုံကြည်ချက်ကို လက်ကိုင်ထားပါတယ်ရှင်။

တည်ငြိမ်ပြီးစစ်မှန်တဲ့ငြိမ်းချမ်းရေးကို ခိုင်မာစွာတည်ဆောက်နိုင်ဖို့အတွက် ကျွန်မတို့ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီဟာ “ငါတို့အားလုံး ... ဒီပြည်ထောင်စုမှာ အတူတူယှဉ်တွဲနေထိုင်မယ်၊ ပြဿနာတွေကို စစ်မတိုက်ဘဲဖြေရှင်းမယ်၊ တစ်ယောက်ကိုတစ်ယောက်လေးစားမယ်” ဆိုတဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့သဘောထားအပေါ်မှာ အခြေခံထားတာဖြစ်ပါတယ်။

**လေးစားရပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများရှင်**

ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီဆိုတာ စကားလုံးသက်သက်မဟုတ်ရပါဘူး။ ပြည်သူအတွက်အမြဲရပ်တည်ပြီး ပြည်သူအတွက် အလုပ်လုပ်မယ့်စိတ်ဓာတ်ကို ခိုင်မာစွာထိန်းသိမ်းထားတဲ့ပါတီဖြစ်ပါတယ်။

မျှော်လင့်ချက်ရှိတဲ့မနက်ဖြန်တွေအတွက်၊ စစ်မှန်တဲ့ငြိမ်းချမ်းရေးအတွက် ပြည်သူဘက်ကအမြဲရပ်တည်မည့် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ ဖြစ်တယ်ဆိုတာကို ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ။ ပြည်သူ့အတွက်အမြဲရပ်တည်မည်။

ကျေးဇူးတင်ပါတယ်ရှင်။

မြန်မာပြည်ကြီး အမြန်ဆုံး ငြိမ်းချမ်းပါစေ။




**မြန်မာပြည်ကြီးငြိမ်းချမ်းပြီ**

V1- မင်္ဂလာရှိတဲ့ မနက်ဖြန်တို့အတွက် အတိတ်ရဲ့ဒဏ်ရာတွေကို အတူကုစားမယ်၊

မြေတစ်လက်မ ရေတစ်စက် ပြည်သူတွေရဲ့အကျိုးကို ဆောင်မည်

V2- မျှော်လင့်ခြင်းအနာဂတ်သစ်ဖန်တီးမည် အားလုံးပါဝင်ကာ လမ်းသစ်ထွင်မယ် ငြိမ်းချမ်းရေးတည်ဆောက်ဖို့ ဒီပါတီဟာတို့ရဲ့ အားမာန်ပဲ

Pre- အခက်အခဲများရှိခဲ့လည်း အတူတူစည်းလုံးလို့ရှေ့ဆက်ချီ ပိုမိုတောက်ပတဲ့အနာဂတ်တွေဆီ

CHO; (ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ၊ ပြည်သူအတွက် အမြဲရပ်တည် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ၊ ပြည်သူအတွက် အလုပ်လုပ်မည် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းပြီ) ၂

V3- ငြိမ်းချမ်းရေးအတွက်ဦးထိပ်ထားမယ်၊ တိုင်းရင်းသားညီအစ်ကိုတွေညီညွတ်စွာနဲ့ အဆင့်တန်းမြင့်အနာဂတ်အတွက် အောင်မြင်တဲ့ပန်းတိုင်ဆီသို့

V4... နိုင်ငံအကျိုးအတွက်တို့သယ်ပိုးမယ် စီးပွားအခြေအနေတွေ တိုးတက်စေဖို့ ပြည်သူအကျိုးအတွက် သင်ဘာတွေကို စဉ်းစားနေမလဲ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | | | |
|---|---|---|---|---|
| ၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm) | ၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm) | ၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm) | ၄။ Myawady Webportal (https://myawady.net.mm) | ၅။ Myanmar National Portal (https://myanmar.gov.mm) |

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မြဝတီဒေသတွင်ပြုလုပ်နေသော Online လိမ်လည်လောင်းကစားမှုတိုက်ဖျက်ချေမှုန်းနေမှုများ၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့ကျွန်တော်တို့ မိဘပြည်သူများနှင့် မီဒီယာများကို အသိပေးပြောကြားလိုတာကတော့ မြဝတီဒေသမှာပြုလုပ်နေတဲ့ Online လောင်းကစားမှုတိုက်ဖျက်ချေမှုန်းရေးကိစ္စတွေ၊ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်နေမှုကိစ္စတွေကိုပြောလိုပါတယ်။ ဒီနေ့ နိုဝင်ဘာ ၁၈ ရက်မနက်မှာပဲ မြဝတီမြို့ရဲ့မြောက်ဘက်မှာရှိတဲ့ ရွှေကုက္ကိုလ်နယ်မြေကို ဌာနဆိုင်ရာအဖွဲ့အစည်းတွေနဲ့ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှင်းလင်းခဲ့ပါတယ်။ ပထမဦးစွာ အဲဒီထဲမှာရှိနေတဲ့ ခွင့်ပြုချက်မရရှိဘဲဆောက်လုပ်ထားတဲ့ အဆောက်အအုံ သုံးလုံးကို အရင်ဝင်ရောက်ရှင်းလင်းခဲ့ပါတယ်။ အဲဒီထဲကနေ စိစစ်ဆဲနိုင်ငံခြားသား ၃၄၆ ဦးဖမ်းမိခဲ့ပါတယ်။ Online လောင်းကစားမှုမှာအသုံးပြုနေတဲ့ ဖုန်းအလုံးရေ တစ်သောင်းနီးပါးလောက်ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပစ္စည်းတွေလည်း ဖမ်းဆီးရမိခဲ့ပါတယ်။ တစ်ဖက်နိုင်ငံကို ထွက်ပြေးမယ့်သူတွေကိုလည်း ကျွန်တော်တို့ ပိတ်ဆို့ဖမ်းဆီးလျက်ရှိပါတယ်။ ဒီနယ်မြေမှာ Online လောင်းကစားမှုလုပ်ဆောင်နေတဲ့ နယ်မြေ သုံးခုရှိပါတယ်။ အဲဒါတွေကတော့ နံပါတ်တစ်ကတော့ KK Park နယ်မြေ၊ နံပါတ်နှစ်ကတော့ ရွှေကုက္ကိုလ်နယ်မြေနဲ့ နံပါတ်သုံးကတော့ ကျောက်ခတ်နယ်မြေဖြစ်ပါတယ်။ KK Park နယ်မြေကတော့ အားလုံးသိတဲ့အတိုင်းပဲ မြဝတီမြို့ရဲ့တောင်ဘက်မှာရှိတယ်။ ရွှေကုက္ကိုလ်နယ်မြေကတော့ မြဝတီမြို့ရဲ့မြောက်ဘက်မှာရှိတယ်။ ကျောက်ခတ်ဒေသကတော့ တောင်ဘက်အစွန်ဆုံးပေါ့။ KK Park ရဲ့တောင်ဘက်မှာရှိတဲ့ နယ်မြေတွေဖြစ်ပါတယ်။ ဒီနေရာတွေမှာ ဘယ်သူတွေပါဝင်ပတ်သက်နေတယ်ဆိုတဲ့ဟာကလည်း ကျွန်တော်ယခင်တုန်းက အတိအလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ KK Park နယ်မြေနဲ့ ပတ်သက်ပြီး ကျွန်တော်အားလုံးကို ရှင်းလင်းပြောပြတဲ့နေရာမှာ အထောက်အထားတွေနဲ့ ဘယ်သူတွေနဲ့ ဘယ်အချိန်တုန်းက စာချုပ်ချုပ်ခဲ့တယ်၊ KNU အဖွဲ့ထဲကသူတွေနဲ့ စာချုပ်ဘယ်လိုချုပ်ခဲ့တယ်၊ ဘယ်လိုမျိုးဆောင်ရွက်ခဲ့တယ်၊ ဘယ်သူတွေပါဝင်ပတ်သက်ခဲ့တယ်ဆိုတာ ကျွန်တော်ရှင်းလင်းပြောကြားပြီးဖြစ်ပါတယ်။ KK Park နယ်မြေမှာ အဓိကကတော့ မုလအိအလင်းကုမ္ပဏီ၊ Tran-Asia International Holding Group(Thailand)ကုမ္ပဏီတွေ ပါဝင်ပတ်သက်တာဖြစ်ပါတယ်။ ရွှေကုက္ကိုလ်နယ်မြေမှာကတော့ Myanmar Yatai International Holding Group ကုမ္ပဏီ ပါဝင်ပတ်သက်တာဖြစ်ပါတယ်။ ကျောက်ခတ်နယ်မြေမှာကတော့ Chong-khaed Garden Resort ကုမ္ပဏီက ပါဝင်ပတ်သက်တာဖြစ်ပါတယ်။ အဲဒီနယ်မြေမှာရောက်ရှိပြီး Online လောင်းကစားမှုတွေ ၊ Online လိမ်လည်မှုတွေလုပ်ဆောင်နေတယ်ဆိုတဲ့ နိုင်ငံခြားသားတွေ ဘယ်လိုမျိုးရောက်ရှိလာသလဲဆိုတဲ့ဟာကို ကျွန်တော်တို့ရှင်းပြပြီးဖြစ်ပါတယ်။ အဲဒီကိုရောက်ရှိလာတဲ့ Online လိမ်လည်တဲ့ နိုင်ငံခြားသားတွေဟာ ၉၉ ဒသမ ၅ ရာခိုင်နှုန်းလောက်က တစ်ဖက်နိုင်ငံကနေတစ်ဆင့် မြန်မာနိုင်ငံထဲကို ကူးပြောင်းရောက်ရှိလာတာဖြစ်ပါတယ်။ အဲဒီနယ်မြေမှာ ၂၀၂၁ ခုနှစ်နောက်ပိုင်းမှာတိုက်ပွဲတွေဖြစ်ပွားခဲ့ပြီးတော့ မြဝတီမြို့နဲ့ အလှမ်းကွာဝေးတဲ့ ခုနကနယ်မြေတွေမှာ တိုင်းရင်းသားလက်နက်ကိုင် EAOs၊ KNU၊ KNLA အဖွဲ့၊ ပြီးရင် NCA စာချုပ်လက်မှတ်ရေးထိုးထားတဲ့ တချို့သော EAO အဖွဲ့တွေ၊ ပြီးရင် နယ်ခြားစောင့်တပ်ဖွဲ့အမည်ခံတပ်ဖွဲ့တွေ ဝင်ရောက်လုပ်ကိုင်နေတာဖြစ်ပါတယ်။ အဲဒီလူတွေကိုပဲ ချဉ်းကပ်ပြီးတော့ ကိုယ်ကျိုးရှာစီးပွားရေးသမားတွေက အဲဒီလူတွေနဲ့ ဆက်စပ်ပြီးတော့ ဒီလုပ်ငန်းတွေကိုလုပ်ဆောင်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြဝတီမြို့နဲ့အနီးတစ်ဝိုက်ကို ကျွန်တော်တို့လွှမ်းမိုးနိုင်တဲ့နေရာတစ်ဝိုက်မှာ Online လောင်းကစားမှုတိုက်ဖျက်ရေးတွေ စတင်ဆောင်ရွက်ခဲ့တယ်။ တဖြည်းဖြည်းနယ်မြေငြိမ်းချမ်းလာတာနဲ့အမျှ နယ်မြေစိုးမိုးရေး၊ နယ်မြေရှင်းလင်းရေးတွေလုပ်ပြီး Online လိမ်လည်မှုအမြစ်ပြတ်ပပျောက်ရေးအတွက် ကျွန်တော်တို့ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ စစ်သည်တွေ၊ ဝန်ထမ်းတွေ အသက်၊သွေး၊ချွေးပေးဆပ်ပြီး လုပ်ဆောင်ခဲ့ရတာဖြစ်ပါတယ်။ ဒီနယ်မြေမှာ တရားမဝင်ရောက်ရှိလာတဲ့ နိုင်ငံခြားသားတွေကို ကျွန်တော်တို့စစ်ဆေးပြီးဖြစ်ပါတယ်။ တချို့စစ်ဆေးချက်မှတ်တမ်းတွေကို မီဒီယာများ၊ မိဘပြည်သူများသိအောင် ကျွန်တော်တို့ ထုတ်ပြန်ပြောကြားလိုက်ပါတယ်။ အဲဒီထုတ်ပြန်ပြောကြားချက်ကိုကြည့်ရင် ဒီလူတွေဟာ ဘယ်ကနေရောက်လာလဲ၊ ဘာတွေလုပ်ခဲ့လဲဆိုတာကို အထင်အရှားသိနိုင်မှာဖြစ်ပါတယ်။ ပြီးရင်တော့ ကျွန်တော်တို့ ခုနကပြောတဲ့နေရာ သုံးခု KK Park၊ ရွှေကုက္ကိုလ်၊ ကျောက်ခတ်ဒေသ၊ ဒီနေရာတွေရဲ့အခြေခံလူနေထိုင်မှု ရေ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးစတာတွေက တစ်ဖက်နိုင်ငံကနေရရှိနေတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း ကန့်ကွက်လို့ တစ်ဖက်နိုင်ငံက ပူးပေါင်းဆောင်ရွက်မှုတွေပြုလုပ်ခဲ့ပြီး ပိတ်ပင်တာမျိုးတွေဆောင်ရွက်ခဲ့တာမျိုးတွေရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ပထမဦးဆုံး နယ်မြေစိုးမိုးရေး၊ ရှင်းလင်းရေးလုပ်ခဲ့တဲ့ KK Park လိုနယ်မြေမျိုးမှာပြန်လည်ပြီး Online လောင်းကစားမှုတွေအခြေမချနိုင်ဖို့အတွက် အဲ့ဒီမှာရှိနေတဲ့ အဆောက်အအုံတွေကို ကျွန်တော်တို့ ၁၀၀ ရာခိုင်နှုန်းဖျက်ဆီးနိုင်အောင် ကျွန်တော်တို့ဆောင်ရွက်ခဲ့တယ်။ ဆောင်ရွက်ခဲ့တဲ့နေရာမှာလည်း စက်ယန္တရားတွေနဲ့ ဖြိုဖျက်ခဲ့တာတွေရှိတယ်။ အဆင့်မြင့်ဖောက်ခွဲခဲ့တာမျိုးတွေရှိပါတယ်။ ဒီဖောက်ခွဲမှုတွေနဲ့ပတ်သက်ပြီးတော့ တစ်ဖက်နိုင်ငံအနေနဲ့က ဒီဖောက်ခွဲလိုက်တဲ့အစအနတွေ သူတို့နိုင်ငံထဲမှာကျတယ်ဆိုပြီး ကန့်ကွက်တဲ့ဟာမျိုးလေးတွေရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးလည်း ကျွန်တော်တို့ ဗီဒီယိုမှတ်တမ်းတွေဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ သူတို့ကို ဒီအစအနတွေမကျဘူးဆိုတာလည်း ဗီဒီယိုမှတ်တမ်းတွေနဲ့ ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါကျွန်တော် ပုံတစ်ပုံကိုပြလိုပါတယ်။ ဒီမှာဆိုရင် ဒါ KK Park ထဲမှာရှိတဲ့အဆောက်အအုံကို ကျွန်တော်တို့ ဖြိုချဖျက်ဆီးတာဖြစ်ပါတယ်။ ဖြိုချဖျက်ဆီးတဲ့နေရာမှာ ဒီအဆောက်အအုံဟာ တည့်တည့်ပဲအောက်ကို ပြိုကျသွားတာဖြစ်ပါတယ်။ အဆင့်မြင့်ဖောက်ခွဲနည်းပညာနဲ့အသုံးပြုတဲ့အတွက်ကြောင့်မို့လို့ အောက်ကိုပြိုကျသွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်ဖက်နိုင်ငံထဲကိုကျဖို့နေနေသာသာ သူ့ရဲ့ဘေးနားမှာရှိတဲ့ သစ်ပင်တွေတောင်မလှုပ်ဘူးဆိုတာ တောင်တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဖက်နိုင်ငံရဲ့ နယ်စပ်အနီးမှာကပ်နေတဲ့ Hotel တစ်လုံးကိုလည်း ကျွန်တော်တို့ဖြိုချဖျက်ဆီးခဲ့ပါတယ်။ ဒီလိုဖြိုချဖျက်ဆီးတဲ့နေရာမှာလည်း တစ်ဖက်နိုင်ငံကိုကျရောက်ဖို့နေနေသာသာ တစ်ဖက်နိုင်ငံနဲ့ ကျွန်တော်တို့ရဲ့ နယ်ခြားမျဉ်းဖြစ်တဲ့ ဒီမြစ်ထဲကိုတောင်မှ အစအနကျတာမတွေ့တာကို ထင်ရှားစွာတွေ့နိုင်မှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း ကျွန်တော်တို့အဆောက်အအုံများ ဖြိုချရှင်းလင်းခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ခု ဒါနဲ့ပတ်သက်ပြီးတော့ အမေရိကန်နိုင်ငံအနေနဲ့ နိုဝင်ဘာ ၁၂ ရက် ရက်စွဲနဲ့ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီမှာ ကျွန်တော်တို့တွေ့ရတာကတော့ ဒီနေ့မှာတွေ့ရတဲ့ ကြေညာချက်ဖြစ်ပါတယ်။ ဒီထဲမှာတော့ Online လိမ်လည်မှုတွေအနေနဲ့ အမေရိကန်ကို ကာကွယ်ဖို့ဆိုပြီးတော့ District of Columbia Scam Center Strike Force ကိုဖွဲ့စည်းခဲ့တယ်။ SCSFကို ဖွဲ့စည်းခဲ့တယ်လို့ သူတို့ကြေညာလာတာကိုတွေ့ရပါတယ်။ ဒီထဲမှာ ကျွန်တော်တို့လေ့လာကြည့်တဲ့အခါမှာ အရှေ့တောင်အာရှနိုင်ငံတွေကိုအခြေပြုပြီးတော့ Cryptocurrency နဲ့အပါအဝင် ဆိုက်ဘာလိမ်လည်မှုတွေကို အမေရိကန်နိုင်ငံကိုကာကွယ်ဖို့ဆိုပြီး ဖွဲ့စည်းကြောင်း ကြေညာခဲ့တာဖြစ်ပါတယ်။ ဒီထဲမှာ ထူးထူးခြားခြားအသုံးအနှုန်းလေးတွေပါတာကို ကျွန်တော်ပြောပြချင်ပါတယ်။ ထူးထူးခြားခြားအသုံးအနှုန်းလေးတွေက တတိယအပိုဒ်လောက်မှာ တရုတ်နိုင်ငံဖြတ်ကျော် ရာဇဝတ်အဖွဲ့အစည်းများ(TCOs)တွေက Cryptocurrency ရင်းနှီးမြှုပ်နှံမှု၊ လိမ်လည်မှုများနှင့် ယုံကြည်မှု၊ လိမ်လည်မှုအမျိုးမျိုးကို အသုံးပြုပြီး နေ့စဉ်အမေရိကန်များ၏ စုဆောင်းငွေများအသက်များကို ခိုးယူလျက်ရှိသည်ဆိုပြီးပါတာတွေ့ရပါတယ်။ နောက်တစ်ပိုဒ်မှာတော့ လိမ်လည်မှုစင်တာတွေဟာ အမေရိကန်မှ တရုတ်ရာဇဝတ်ဂိမ်းများ၏ အိတ်ကပ်ထဲသို့ မျိုးဆက်တစ်ခုပြီးတစ်ခု ချမ်းသာကြွယ်ဝမှုရှိအောင် ဖန်တီးနေတယ်ဆိုပြီး စွပ်စွဲထားတာမျိုးလည်းတွေ့ရပါတယ်။ ဒါ့ပြင် ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး Strike Force Burma အဖွဲ့သည် မြန်မာနိုင်ငံရှိ လိမ်လည်မှုစင်တာနှစ်ခုကို စစ်ဆင်ရေးများပြုလုပ်ခဲ့သည်ဆိုပြီးလည်း ပါတာတွေ့ရပါတယ်။ သူတို့စစ်ဆင်ရေး ဘယ်လိုလုပ်ခဲ့လဲ မလုပ်ခဲ့လဲဆိုတာတော့ ကျွန်တော်တို့လည်းမသိပါဘူး။ မြေပြင်မှာလည်း တွေ့ရတာတော့မရှိပါဘူး။ ဒါ့အပြင် မြန်မာနိုင်ငံမှာရှိတဲ့ KK Park ကဲ့သို့သော လိမ်လည်မှုနေရာများကို တိုက်ဖျက်ရန်အတွက် Royal Thai Police War Room Task Force နဲ့ အတူပူးပေါင်းဆောင်ရွက်ရန် ဗန်ကောက်ကို FBI agent များ စေလွှတ်ခဲ့သည်ဆိုတာလည်းပါပါတယ်။ ဒါဟာ သူတို့ထုတ်ပြန်တဲ့ နှစ်မျက်နှာလောက်ရှိတဲ့ ထုတ်ပြန်ချက်ထဲက ကျွန်တော်တို့ထုတ်နုတ်ပြီးပြောတာဖြစ်ပါတယ်။ ဒါတွေကို သုံးသပ်ကြည့်ရင် ဒီနိုင်ငံအနေနဲ့ ခုနကပြောတဲ့ Online လိမ်လည်မှု၊ Online လောင်းကစားမှုတိုက်ဖျက်ရေးဆိုတာထက် Hidden Agenda နက်နဲတဲ့ လျှို့ဝှက်ရည်ရွယ်ချက်တစ်ခုရှိနေနိုင်တယ်လို့ ကျွန်တော်တို့ သုံးသပ်ရရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အရှေ့မြောက်ဒေသလောက်ကိုင်ဒေသမှာ Online လောင်းကစားမှုတွေ၊Online လိမ်လည်မှုတွေကို စသိခဲ့တဲ့အတိုင်း တရုတ်-မြန်မာပူးပေါင်းဆောင်ရွက်မှု Task Force ကို ဖွဲ့စည်းပြီးဖြစ်ပါတယ်။အခုထိလည်း ကျွန်တော်တို့ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်။ ပြီးရင်တော့ ကရင်ပြည်နယ် မြဝတီဒေသ မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံ သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Trilateral Cooperation) ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အခုထိလည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှာ တရုတ်နိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့တဲ့ တရုတ်-မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-လာအို-ဗီယက်နမ် ခြောက်နိုင်ငံ Online လိမ်လည်မှုပူးပေါင်းတိုက်ဖျက်ရေးအစည်းအဝေး တက်ရောက်ခဲ့ပြီး ဒီအဖွဲ့နဲ့လည်း ကျွန်တော်တို့ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ ဒီ Online လိမ်လည်မှု၊ Online လောင်းကစားမှုဆိုတာသည် ကျွန်တော်တို့ မြန်မာတစ်နိုင်ငံတည်းကိုပဲ ဒုက္ခပေးနေတာမဟုတ်ပါဘူး။ လိမ်လို့ရတဲ့ နိုင်ငံတကာကနိုင်ငံသူ၊နိုင်ငံသားတွေကိုလည်း လိမ်လည်နေတာဖြစ်ပါတယ်။ ဒါကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ပြတ်ပြတ်သားသားတိုက်ဖျက်ဖို့လည်း နိုင်ငံတော်ယာယီသမ္မတ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ လူထုတွေ့ဆုံပွဲတွေမှာလည်း ဒါကိုပြတ်ပြတ်သားသားထုတ်ဖော်ပြောဆိုပြီးဖြစ်ပါတယ်။ အန္တရာယ်များတဲ့ကိစ္စဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး၊ မီဒီယာများအားလုံးအနေနဲ့ ဒီ Online လိမ်လည်မှုတွေ၊ Online လောင်းကစားမှုတွေနဲ့ ပတ်သက်ပြီး သတင်းရရှိလာရင် သက်ဆိုင်ရာကိုသတင်းပေးကြပါ။ ပူးပေါင်းဆောင်ရွက်သွားကြပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့လည်း ခြောက်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွေ၊ဒေသတွင်းအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဒီ Online လိမ်လည်မှု၊ လောင်းကစားမှုတွေကို မြန်မာ့မြေပေါ်ကနေ အပြီးတိုင် ချုပ်ငြိမ်းသွားအောင် အမြစ်ပြတ်ချေမှုန်းသုတ်သင်သွားမှာဖြစ်ကြောင်းပြောကြားလိုပါတယ်။



**အားလုံးကို ကျေးဇူးတင်ပါတယ်။**


ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

# ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၈

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းချမှုများကို ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးပူးတွဲစစ်ဆင်ရေးများကို ဆောင်ရွက်ခြင်းများကြောင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သူများသည် ပင်လယ်ရေကြောင်း၏ အားသာချက် အသုံးချကာ ရေလမ်းကြောင်း ပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရှိရသည်။

AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို ပြုလုပ်ကာ ရရှိသည့်ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းများဝယ်ယူ၍ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။ သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတင်းရယူ




ပုသိမ်မြို့ (၁)ရပ်ကွက် ဆင်အိုးဖိုရပ် ကမ်းနားလမ်းရှိ ဂိုဒေါင်အမှတ်(၁၉)၌ တရားခံ နှစ်ဦးနှင့်အတူ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ



ဖမ်းဆီးရမိ အိုက်စ် ကီလိုဂရမ် ၄၀၀၀ ခန့်မှန်းကာလတန်ဖိုးငွေကျပ် ဘီလီယံ ၁၂၀ ခန့်။



မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိသည့် ဂိုဒေါင်၏ မှတ်တမ်းဓာတ်ပုံ။



မူးယစ်ဆေးဝါးများသိမ်းဆည်းထားသည့် ဂိုဒေါင်မြေအောက်ခန်း မှတ်တမ်းဓာတ်ပုံ။



ဂိုဒေါင်မြေအောက်ခန်းအတွင်းမှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မှတ်တမ်းဓာတ်ပုံ။




ဖမ်းဆီးရမိ အိုက်စ်ထုပ်ပိုးမှုပုံစံ မှတ်တမ်းဓာတ်ပုံ။

ဖော်ထုတ်ချက်များအရ နိုဝင်ဘာ ၅ ရက် ညပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် (၁)ရပ်ကွက် ဆင်အိုးဖိုရပ် ကမ်းနားလမ်း ဂိုဒေါင်အမှတ်(၁၉)၌ မြေအောက်ခန်းအတွင်း သိုဝှက်ထိန်းသိမ်းထားသည့် ရခိုင်ပြည်နယ်နှင့် မလေးရှား နိုင်ငံသို့ပို့ဆောင်မည့် အိုက်စ်(ICE) မူးယစ်ဆေးဝါး ကီလိုဂရမ် ၄၀၀၀ တန်ဖိုးငွေကျပ် ဘီလီယံ ၁၂၀ ခန့်နှင့်အတူ AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေး တာဝန်ခံ ခင်ထွန်းနှင့် ပုသိမ်မြို့၌ မူးယစ်ဆေးဝါးများ ထိန်းသိမ်းပေးသူ လမင်းခန့် တို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ နှစ်ဦး၏ ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ဇော်ဂျီလမ်းရှိ "ရွှေလမင်း" ဆေးရုံ၌ တရားခံ နိုင်လင်း အားလည်းကောင်း၊ ပုသိမ်မြို့နယ် (၉) ရပ်ကွက် ထင်းပုံဆိပ်ကျေးရွာ၌ တရားခံ ဇော်မင်းထွန်း (ခ) ညီပုအားလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု "ကောင်းကောင်း" ကဏန်းမွေးမြူရေး **စာမျက်နှာ ၂၃ သို့**

စာမျက်နှာ ၂၂ မှအဆက်

ကန်ရှေ့ရေပြင်၌ မူးယစ်ဆေးဝါး ပို့ဆောင်ရာတွင် အသုံးပြုသည့် “MV ရွှေလက်ဝါး” ကုန်တင်သင်္ဘော တစ်စီးနှင့်အတူ လှေလုပ်သားများဖြစ်ကြသည့် မောင်စိုး(ပွဲနင်း)၊ ခင်ဝင်း၊ အောင်ဆန်းဦး၊ အောင်ဇင်လတ်၊ ဝင်းနိုင်၊ အောင်လင်း၊ ကျော်မင်းလတ်၊ ဟိန်းမင်းသူ၊ ကျော်ကိုကိုထွေး၊ သန်းထိုက်ဦးတို့ ၁၀ ဦးကိုလည်းကောင်း၊ ယင်းနေ့ညနေပိုင်းတွင် ချောင်းသာမြို့ အမှတ်(၃) ရပ်ကွက်၌ တရားခံ ဝင်းဝင်းထွန်း(ခ) ဝင်းထွန်းအားလည်းကောင်း၊ ချောင်းသာမြို့ အမှတ်(၂)ရပ်ကွက် မြပုလဲသွယ်လမ်း၌ တရားခံ အောင်မျိုးဝင်း(ခ)မင်းသားကြီး အားလည်းကောင်း၊ ပုသိမ်မြို့နယ် သလပ်ခွာကျေးရွာအုပ်စု မော်တော်ကုန်းကျေးရွာ၌ တရားခံ အာဆာ(ခ) ဝတုတ်အားလည်းကောင်း၊ ယင်းနေ့ညပိုင်းတွင် မြိတ်မြို့ နောက်လယ်ရပ်ကွက် ပိတောက်ရွှေဝါလမ်းရှိ ဘောဇဝတီဆန်ဆိုင်တွင် မူးယစ်ဆေးဝါးများ ထိန်းသိမ်းပေးသူ တရားခံ ဒိုရာစတီဗင်အားလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။





ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု “ကောင်းကောင်း” ကဏန်းမွေးမြူရေးကန်ရှေ့ ရေပြင်၌ မူးယစ်ဆေးဝါးများ မလေးရှားနိုင်ငံသို့ ပို့ဆောင်ရာတွင် အသုံးပြုသည့် သိမ်းဆည်းရမိ “MV ရွှေလက်ဝါး”ကုန်တင်သင်္ဘော တစ်စီး၏ မှတ်တမ်းဓာတ်ပုံ။




တရားခံ ဒိုရာစတီဗင် ပိုင်ဆိုင်သည့် မြိတ်မြို့ နောက်လယ်ရပ်ကွက်ရှိ “ဘောဇဝတီ” ဆန်ဆိုင်၏ မှတ်တမ်းဓာတ်ပုံ။



မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာရှိ မူးယစ်ဆေးဝါးများကို ခေတ္တထိန်းသိမ်းသိုလှောင်ရာတွင် အသုံးပြုသည့် ဆန်ဂိုဒေါင်၏ မှတ်တမ်းဓာတ်ပုံ။

ဆက်လက်၍ နိုဝင်ဘာ ၇ ရက် နေ့လယ်ပိုင်းတွင် ဆိပ်ကြီးခနောင်တို ဆိပ်ကမ်း၌ လွှန်းတင်ထားသော မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် အသုံးပြုသည့် “MV ရွှေဝတီ” ကုန်တင်သင်္ဘော တစ်စီးကိုလည်းကောင်း၊ ညပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မူးယစ်ဆေးဝါးများကို ပုသိမ်မြို့မှ မလေးရှားနိုင်ငံသို့ ပို့ဆောင်ခိုင်းသူ “ဘောဇဝတီ” ဆန်လုပ်ငန်းနှင့် "Utopia Future" အိမ်ခြံမြေရောင်းဝယ်ရေးလုပ်ငန်းတို့ကို ဟန်ပြလုပ်ကိုင်နေသော တရားခံ မောင်ငယ်အားလည်းကောင်း၊ နိုဝင်ဘာ ၈ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ အမှတ်(၂) ရပ်ကွက် အင်ကြင်းလမ်း၌ မူးယစ်ဆေးဝါး ပို့ဆောင်ရာတွင် ပါဝင်ခဲ့သူ လှေလုပ်သား အောင်စိုးလင်းနှင့် အောင်ကိုလင်းတို့ ညီအစ်ကို နှစ်ဦးကိုလည်းကောင်း၊ နိုဝင်ဘာ ၉ ရက် ညနေပိုင်းတွင် မြိတ်မြို့ နောက်လယ်ရပ်ကွက် ပိတောက်ရွှေဝါလမ်းရှိ “ဘောဇဝတီ” ဆန်ဆိုင်အနီးတွင် တရားခံ ထွန်းထွန်းလင်းအားလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။





မူးယစ်ဆေးဝါးများကို မလေးရှားနိုင်ငံသို့ ပို့ဆောင်ရာတွင် အသုံးပြုသည့် သိမ်းဆည်းရမိ “MV ရွှေဝတီ” ကုန်တင်သင်္ဘော တစ်စီး၏ မှတ်တမ်းဓာတ်ပုံ။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတင်းဖော်ထုတ်ချက်အရ နိုဝင်ဘာ ၁၁ ရက် နေ့လယ်ပိုင်းတွင် မူးယစ်ဆေးဝါးများ ပို့ဆောင်ရန်စေခိုင်းသူ ကွင်းဆက်တရားခံ အားဝေ(ခ) ရှောက်ထန်(ခ) သန်းမောင်(ဖမ်းဆီးရန်ကျန်)၏ အိမ်အမှတ်(၉/၄၇၀) ရတနာလမ်းသွယ်(၈) ဝမ်ကောင်းရပ်ကွက် တာချီလိတ်မြို့နေအိမ်ကို သွားရောက်ရှာဖွေရာ နေအိမ်အတွင်းမှ အမေရိကန်နိုင်ငံထုတ် M-4, A-1 သေနတ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ၅ ဒသမ ၅၆ ကျည် ၂၆ တောင့်၊ အီတလီနိုင်ငံထုတ် BERETTA အမျိုးအစား ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ အမေရိကန်နိုင်ငံထုတ် SIG SAUER အမျိုးအစား ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခုတို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၆ ရက်တွင် ကျောင်းကုန်းမြို့နယ် (၁)ရပ်ကွက် ဌာနလမ်း၌ တရားခံ ဒိုရာမေ့စ်နှင့် ပုသိမ်မြို့ (၃)ရပ်ကွက် မြကျွန်းသာအိမ်ရာရှိ ရွှေမင်းသမီးဟိုတယ်၌ တရားခံ ပီတာဖိုးတို့ နှစ်ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဖြစ်စဉ်တွင် တရားခံ အမျိုးသား ၂၄ ဦး၊ M-4, A-1 သေနတ် တစ်လက်၊ ပစ္စတို နှစ်လက်၊ ကုန်တင်သင်္ဘော နှစ်စီးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ တာချီလိတ်မြို့နေ အားဝေ(ခ)ရှောက်ထန်(ခ)သန်းမောင် (ဖမ်းဆီးရန်ကျန်)နှင့် ဝမ်ဟိုင်းကျေးရွာနေ တာကော(ဖမ်းဆီးရန်ကျန်)တို့က လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသမှ ထွက်ရှိသည့် မူးယစ်ဆေးဝါးများကို ဆီဘောက်ဆာယာဉ်များတွင် မူးယစ်ဆေးဝါးသယ်ဆောင်ရန် သီးသန့်ပြုလုပ်ထားသည့် လျှို့ဝှက်အကန့်များ အတွင်း၌လည်းကောင်း၊ ကုန်တင်ယာဉ်များတွင် အခြားသော ကုန်ပစ္စည်းများနှင့် ရောနှောပုံဖျက်၍လည်းကောင်း နည်းလမ်းမျိုးစုံဖြင့် ပုသိမ်မြို့သို့ ပို့ဆောင်ပေးခဲ့ရာ ပုသိမ်မြို့ရှိ မောင်ငယ် ပိုင်ဆိုင်သည့် ကမ်းနားလမ်း ဂိုဒေါင်အမှတ်(၁၉)၌ ခေတ္တထိန်းသိမ်းသိုဝှက်၍ မောင်ငယ်နှင့်အဖွဲ့က မလေးရှားနိုင်ငံသို့လည်းကောင်း၊ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ ထောက်ပံ့ရေးတာဝန်ခံ ခင်ထွန်းနှင့်အဖွဲ့က ရခိုင်ပြည်နယ်သို့လည်းကောင်း ပို့ဆောင်ရန် စီစဉ်လျက်ရှိစဉ် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရန်ကျန်တရားခံများနှင့် ဆက်စပ်တရားခံများကို ဖမ်းဆီးဖော်ထုတ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါး သယ်ဆောင်သည့်သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ အားဝေ(ခ) ရှောက်ထန်(ခ) သန်းမောင် (ဖမ်းဆီးရန်ကျန်)၏ နေအိမ်မှ ဖမ်းဆီးရမိသည့် လက်နက်၊ ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ



အမေရိကန်နိုင်ငံထုတ် M-4, A-1 အမျိုးအစား သေနတ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု။




အီတလီနိုင်ငံထုတ် BERETTA အမျိုးအစား ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု။



အမေရိကန်နိုင်ငံထုတ် ၅ ဒသမ ၅၆ မမကျည် ၂၆ တောင့်။



အမေရိကန်နိုင်ငံထုတ် SIG SAUER အမျိုးအစား ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု။










အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်လျက်ရှိသည့် ရွှေကုက္ကိုလ်၊ KK park ၊ ကျောက်ခတ်နယ်မြေများကို တွေ့ရစဉ်။

☆ **ကျောဖုံးမှအဆက်**

နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ Online လိမ်လည်လောင်းကစားမှုများကို အဓိက ဦးဆောင် ကျူးလွန်ခဲ့ကြသူများသည် တရုတ်နိုင်ငံသားများအပါအဝင် Social Media မှတစ်ဆင့် နည်းမျိုးစုံဖြင့် မက်လုံးပေးစည်းရုံးမှုကြောင့် နိုင်ငံစုံမှ အလုပ်လာရောက်လုပ်ကိုင်ရင်း အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ရသည့် လူကုန်ကူးခံရသူများနှင့် ရာဇဝတ်မှုများ ကျူးလွန် ထွက်ပြေးတိမ်းရှောင်နေကြသူများဖြစ်ပြီး ၎င်းတို့အနေဖြင့် ၂၀၁၅ ခုနှစ် ခန့်မှစ၍ အရှေ့တောင်အာရှနိုင်ငံအချို့တွင် လုပ်ကိုင်ခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံအချို့ ပဋိပက္ခဖြစ်မှုနောက်ပိုင်းမှ မြန်မာနိုင်ငံအရှေ့တောင်ဒေသ ကရင်လက်နက်ကိုင်အဖွဲ့အစည်းများ ခေတ္တစိုးမိုးထားသည့် မြဝတီဒေသသို့ တစ်ဖက်နိုင်ငံမှ တစ်ဆင့် နည်းမျိုးစုံ၊ နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသ၌ အခြေခံအဆောက်အအုံများတည်ဆောက်ကာ Online လိမ်လည်လောင်းကစားမှုများအပါအဝင် အခြားသော တရားမဝင်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြရာမှ မြန်မာနိုင်ငံအစိုးရအနေဖြင့် လောက်ကိုင်ဒေသရှိ Online လိမ်လည်လောင်းကစားမှု ကျူးလွန်နေမှုများကို တရုတ်နိုင်ငံနှင့်အတူ နှစ်နိုင်ငံTask Force ဖွဲ့စည်းကာ ပူးပေါင်းနှိမ်နင်းမှုများကို ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ဖော်ထုတ်ဖမ်းဆီးရမိသူများသည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ တရားဥပဒေနှင့်အညီစစ်ဆေး၍ ပါဝင်ပတ်သက်သူ ၅၃၃၈၈ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့်အပြင် အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Online လိမ်လည်လောင်းကစားမှုများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ထိုင်း-မြန်မာနယ်စပ်ရှိ မြဝတီဒေသသို့ရောက်ရှိလာခဲ့ပြီး မုလအိအလင်းကုမ္ပဏီနှင့် Tran-Asia International Holding Group (Thailand) ကုမ္ပဏီတို့လုပ်ငန်းစတင်ခဲ့သည့် KK Park နယ်မြေ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် အကြောင်းပြ၍ စီမံကိန်းတစ်ရပ်အဖြစ် တည်ဆောက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ ရပ်တန့်ထားသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် ၎င်းနယ်မြေရှိ Myanmar Yatai International Holding Group ကုမ္ပဏီနေရာ၊ မြဝတီမြို့နယ် ကျောက်ခက်ကျေးရွာ (Chongkhaed Garden Resort)ရှိ လောင်းကစားရုံများ စသည့်နယ်မြေများအတွင်း၌ အခြေခံအဆောက်အအုံများ




မြဝတီမြို့နယ် KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပြုလုပ်နေသည့် အဆောက်အအုံများကို စနစ်တကျ ဖောက်ခွဲဖျက်ဆီး နေမှုမှတ်တမ်း ဓာတ်ပုံ။

ဆောက်လုပ်ကာ Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ-ထိုင်း-တရုတ် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် ပူးပေါင်းနှိမ်နင်းလျက်ရှိပြီး KNLA၊ KNU လက်နက်ကိုင် အကြမ်းဖက်အဖွဲ့အစည်းများနှင့်NUGလက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့ဝင်များ ခေတ္တစိုးမိုးထိန်းချုပ်ထားသည့် မြဝတီ-မယ်ထော်သလေး(KK Park)နယ်မြေအတွင်းသို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အကြမ်းဖက်သောင်းကျန်းသူနှိမ်နင်းမှုစစ်ဆင်ရေးဖြင့် ဝင်ရောက်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကာ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် Online လိမ်လည်လောင်းကစားမှုများ ယင်းဒေသတွင် လုံးဝ ပြန်လည်အခြေမချနိုင်စေရေး၊ ဒုစရိုက် လုပ်ငန်းများ ထပ်မံမလုပ်ဆောင်နိုင်စေရေးအတွက် ယင်းဒေသတွင် တရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အအုံများအား ဇုန်အလိုက်အပြီးတိုင် ဖျက်ဆီးဖြိုချမှုများ ဆောင်ရွက်လျက်ရှိသည်။ ဇုန်သုံးခုတွင် စုစုပေါင်းအဆောက်အအုံ ၆၃၅ လုံးရှိပြီးရှိ နိုဝင်ဘာ ၁၇ ရက်ထိ အဆောက်အအုံ ၁၄၈ လုံးကို ၁၀၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်သည်။ ကျန်ရှိနေသေးသည့် အဆောက်အအုံ ၄၈၇ လုံးကိုလည်း ဆက်လက်ဖြိုချရှင်းလင်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြိုချဖျက်ဆီးခြင်းများဆောင်ရွက်ရာတွင် ယာဉ်ယန္တရားများဖြင့် စနစ်တကျဖြိုချဖျက်ဆီးခြင်း၊ အဆင့်မြင့်နည်းပညာသုံး မိုင်းဖောက်ခွဲဖျက်ဆီးခြင်းနည်းပညာအသုံးပြု၍ စနစ်တကျဖောက်ခွဲဖျက်ဆီးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် တစ်ဖက်နိုင်ငံနှင့် နီးကပ်နေသည့်နေရာဖြစ်သဖြင့် အဆောက်အအုံအပျက်အစီးအပိုင်းအစများ တစ်ဖက်နိုင်ငံအတွင်းသို့ ကျရောက်မှုမရှိစေရေး စနစ်တကျဆောင်ရွက်ခဲ့ကြောင်း Video မှတ်တမ်းများအရ တွေ့ရှိနိုင်သည်။ တစ်ဖက်နိုင်ငံက ကန့်ကွက်ခဲ့သည့်အတွက်လည်း ဖောက်ခွဲဖျက်ဆီးမှု Video မှတ်တမ်းဖိုင်များကို ၎င်းနိုင်ငံသို့ တရားဝင်မှတ်တမ်းပေးပို့ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဖော်ထုတ်ဖမ်းဆီးရမိသူများသည် မြန်မာနိုင်ငံအတွင်းသို့ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာသူများဖြစ်သော်လည်း လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီစစ်ဆေး၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်ထိ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံခြားသား စုစုပေါင်း ၆၈၀၀၉ ဦးကို သက်ဆိုင်ရာနိုင်ငံများအလိုက် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။ ယနေ့နံနက်ပိုင်းတွင် ရွှေကုက္ကိုလ်နယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များ ဝင်ရောက်စစ်ဆေးစဉ်တွင်လည်း တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရှိရပြီး ပိတ်ဆို့ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ရွှေကုက္ကိုလ်နယ်မြေအတွင်း ရှင်းလင်းဖော်ထုတ်မှုများ ဆောင်ရွက်စဉ် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံ သုံးခုအတွင်းမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် စိစစ်ဆဲနိုင်ငံခြားသား ၃၄၆ ဦးနှင့် Online လိမ်လည်လောင်းကစားမှုများ **စာမျက်နှာ ၂၅ သို့**



တရားမဝင်ဝင်ရောက်နေထိုင်သူများနှင့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများမှ ဖမ်းဆီးရမိသူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။




လောက်ကိုင်ဒေသမှ တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသားများကို ပြန်လည်လွှဲပြောင်းပေးအပ်နေမှု မှတ်တမ်းဓာတ်ပုံ။



ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရရှိမှု မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၄ မှအဆက်

ကျူးလွန်ရာတွင်အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းအများအပြားကိုလည်း စိစစ်တွေ့ရှိဖမ်းဆီးရရှိခဲ့ပြီး ဆက်လက်ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့ကြသူများအနေဖြင့် မြန်မာနိုင်ငံအတွင်း နယ်မြေဒေသမတည်ငြိမ်မှုကြောင့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ အပြည့်အဝစိုးမိုးအုပ်ချုပ်ရန် အခက်အခဲနှင့် ကန့်သတ်ချက်များစွာရှိသည့် ဒေသများ၌ အခွင့်ကောင်းရယူ၍ ဒုစရိုက်လုပ်ငန်းများ ကျူးလွန်ပြီး ကိုယ်ကျိုးစီးပွားရှာခဲ့ကြခြင်း ဖြစ်သည်။ ၎င်းတို့ပစ်မှတ်ထားဆောင်ရွက်ခဲ့ကြသည့် မြဝတီ-မယ်ထော်သလေး KK Park နယ်မြေ၊ ရွှေကုက္ကိုလ်နယ်မြေနှင့် ကျောက်ခက်နယ်မြေတို့သည် KNLA၊ KNU ကရင်လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၊ NCA လက်မှတ်ရေးထိုးထားသည့် ကရင်လက်နက်ကိုင်အဖွဲ့များနှင့် နယ်ခြားစောင့်တပ်များ လှုပ်ရှားရာနယ်မြေဒေသဖြစ်ပြီး အဆိုပါလက်နက်ကိုင် အဖွဲ့အစည်းများအပေါ် ကိုယ်ကျိုးစီးပွားရှာသူများမှ နည်းမျိုးစုံသုံးချဉ်းကပ်လျက် အခြေခံအဆောက်အအုံများနှင့် ရင်းနှီးမြှုပ်နှံမှုများကို လာရောက်ရင်းနှီးမြှုပ်နှံထားခြင်းများ ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ၎င်းနေရာများ၌ လူနေထိုင်နိုင်ရန်လိုအပ်သည့် ရေ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့် အခြားအခြေခံ အချက်အလက်များကိုလည်း တစ်ဖက်နိုင်ငံမှ ရယူခဲ့သည်ကိုတွေ့ရှိရသည်။လက်ရှိအခြေအနေတွင် KK Park နယ်မြေအား ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ပြီး ရွှေကုက္ကိုလ်နယ်မြေ၊ ကျောက်ခက်နယ်မြေ






ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်သိမ်းဆည်းရရှိမှု မှတ်တမ်းဓာတ်ပုံ။





မြဝတီမြို့နယ် KK Park နယ်မြေအတွင်းရှိ ဗုန်အလိုက်မှ အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေဖြင့် လည်း မြန်မာနိုင်ငံအတွင်း ပိုင်နက်နယ်မြေကိုအသုံးချ၍ အိမ်နီးချင်းနိုင်ငံများနှင့်

နှင့် အခြားဒေသများ၌လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အပြည့်အဝလုံခြုံရေးရယူပြီး ဆက်လက်ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကာ Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်မှုများကို ဖော်ထုတ်တွေ့ရှိရပါက ထိရောက်စွာ အရေးယူအမြစ်ပြတ်နှိမ်နင်းချေမှုန်းသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်မှုများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသား ကိုင်တွယ်ဖော်ထုတ် အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော် နိုင်ငံတကာအပေါ် ရာဇဝတ်မှုများကျူးလွန်နေမှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားရှိပြီး ဖြစ်သည်။ မကြာမီ ရက်ပိုင်းအတွင်း သွားရောက်ခဲ့သည့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ခရီးစဉ်များတွင်လည်း ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူလူထုများနှင့် တွေ့ဆုံစဉ်Onlineလိမ်လည်လောင်းကစားမှုများကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်လက်၍လည်း ပြတ်သားစွာချေမှုန်းသွားမည်ဖြစ်ကြောင်း အတိအလင်း ပြောကြားခဲ့ပြီး ပြီး နိုဝင်ဘာ ၁၄ ရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ကျင်းပသည့် တရုတ်- မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သည့် Online လိမ်လည်မှုများ ပူးပေါင်းတိုက်ဖျက်ရေးအစည်းအဝေးတွင် ပါဝင်သည့် နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း ထိထိရောက်ရောက် တားဆီးနှိမ်နင်းသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့်လည်း Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်မှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိပါက သက်ဆိုင်ရာသို့

ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်နှိမ်နင်းသွားမည်ဖြစ် ပေးပို့ခြင်းဖြင့် Online လိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ ပူးပေါင်းပါဝင်တိုက်ဖျက်သွားကြရန် သတင်းထုတ်ပြန်အပ်ပါသည်။(၅၀၁)


ဗုဒ္ဓံ ဓမ္မံ သံဃံ

35 CORNER မျက်မှန်ဆိုင်

ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။

'ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။'

ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့် ။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား ။ Ph:09-780678007
ဆိုင် (၃)၆၂ လမ်း × ၁၀၉ လမ်းထောင့် ။ Ph:09-880909040




# တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၂၄ ဧက စိုက်ပျိုးပြီးစီး



**တမူး နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၁၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ မြို့သစ်မြို့နယ်တွင် ၁၆၈၁ ဧက၊ တမူးမြို့နယ်တွင် ၃၅၆ ဧကနှင့် ခါမ်းပါတ်မြို့တွင် ၃၈၇ ဧက စုစုပေါင်း ၂၄၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တမူးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၂၄၁၁ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၄၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်။ နှမ်းကို ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယခုနှစ် တမူးခရိုင်တွင် နှမ်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ် ကောင်းမွန်နေ

**ပန်းတနော် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်တွင် ဒေသထွက်ကန်စွန်းဥများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန် ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ယခုနှစ် နိုဝင်ဘာလဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ကန်စွန်းဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ကန်စွန်းဥတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

" မြန်မာကန်စွန်းဥနဲ့ ကိုရီးယားကန်စွန်းဥဆိုပြီး အမျိုးအစားနှစ်ခု အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒီဘက်ဒေသမှာတော့ စားသုံးသူတွေက ကန်စွန်းဥအမျိုးအစားနှစ်မျိုးလုံးကို ကြိုက်တာတွေ့ရပါတယ်။ အခုလို ကန်စွန်းဥတွေ အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ အဆင်ပြေသလို လယ်ယာလုပ်သားတွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်။ အခုနှစ်ကန်စွန်းဥဈေးကောင်းရတာက မနှစ်ကထက် ကန်စွန်းဥစိုက်သူတွေ နည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေကောင်းနေတာပါ''ဟု ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

အဆိုပါ ကန်စွန်းဥများကို ကန်စွန်းဥပြုတ်၊ ကန်စွန်းဥကြော်၊ ကန်စွန်းဥကိတ်မုန့် စသည့်စားသုံးကုန်များအဖြစ် ပြုလုပ်ရောင်းချသူများက အဓိကဝယ်ယူနေခြင်းကြောင့် အရောင်းအဝယ်ကောင်းနေခြင်းဖြစ်ကြောင်း သိရသည်။

ဒေသထွက် ကန်စွန်းဥများ အရောင်းအဝယ် ကောင်းလာသည့်အတွက် ကုန်သည်များ၊ တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တရုတ်နိုင်ငံ၏ တိုက်ပွဲဝင်အထောက်အကူပြု Type 076 ကမ်းထိုးရေယာဉ်

တရုတ်နိုင်ငံ၏ Type 076 အမျိုးအစား ကမ်းထိုးရေယာဉ် Sichuanသည် ကုန်း၊ ရေနှစ်သွယ် စစ်ဆင်ရေးကို အပြောင်းအလဲဖြစ်လာစေနိုင်သည်။ ၎င်းရေယာဉ်သည် ဒရုန်းလွှတ်တင်နိုင်မှု၊ လေယာဉ်လွှတ်တင်မှုစနစ် ပေါင်းစပ်ပါဝင်ခြင်း တို့ကြောင့် တိုက်စွမ်းအားဖြန့်ကြက်မှုအတွက် သယ်ယူပို့ဆောင်ရေးနှင့် စစ်ဆင်ရေးမစ်ရှင်တို့ကို ပူးပေါင်းထမ်းဆောင်နိုင်မည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ Type 076 အမျိုးအစား ကမ်းထိုးရေယာဉ်ဖြစ်သည့် Sichuan သည် ရှန်ဟိုင်းပြည်နယ်ရှိ ဟူဒေါင်း-ဇောင်ဟွာ သင်္ဘောကျင်း၌ အီလက်ထရိုမဂ္ဂနက်တစ်အထောက်အကူပြုလေယာဉ်လွှတ်တင်မှုစနစ်(EMALs)ကို တပ်ဆင်ခဲ့ကြောင်း ယခုနှစ် အောက်တိုဘာလထုတ် တရုတ်နိုင်ငံပိုင်သတင်းစာ၌ ဖော်ပြခဲ့သည်။

ထို့ကြောင့် ၎င်းရေယာဉ်သည် အီလက်ထရိုမဂ္ဂနက်တစ်အထောက်အကူပြု လေယာဉ်လွှတ်တင်မှုစနစ်(EMALs)တပ်ဆင်ထားသည့် ကမ္ဘာ့ပထမဆုံးသောဒရုန်းတင်စစ်သင်္ဘောအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ ၎င်းရေယာဉ်၏ လေယာဉ်လွှတ်တင်မှုစနစ်သည် ဒရုန်းတင်စစ်ဆင်ရေးတာဝန်ကို အပြည့်အဝထမ်းဆောင်နိုင်မည်ဖြစ်သည်။ လက်ရှိအချိန်၌ ရှန်ဟိုင်းပင်လယ်ရေကြောင်း လုံခြုံမှုဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့က ကြိုတင်အသိပေးမှုမရှိဘဲ ပင်လယ်ရေကြောင်း ဝင်ရောက်ခွင့်ပြုမည်မဟုတ်ကြောင်း အသိပေးထားပြီး ပင်လယ်ရေအောက် လှုပ်ရှားမှုများကို နေ့စဉ်လုပ်ဆောင်လျက်ရှိသည်။ ဆိုလိုသည်မှာ Type 076 ကမ်းထိုးရေယာဉ်သည် ပင်လယ်ပြင်တွင် လေယာဉ်လွှတ်တင်မှုမှသည် အီလက်ထရို မဂ္ဂနက်တစ်အထောက်အကူပြု လေယာဉ်လွှတ်တင်မှုစနစ် စွမ်းဆောင်ရည်များကို တစ်ပြိုင်တည်း စမ်းသပ်သွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ဝန်ပြည့်တန်ချိန် ၄၀၀၀၀ ရှိသော Type 076 ကမ်းထိုးရေယာဉ်သည် လေယာဉ်ပြေးလမ်းကုန်းပတ်နှင့် လေယာဉ်လွှတ်တင်မှုစနစ်တို့ပါဝင်ပြီး Type 003 လေယာဉ်တင်သင်္ဘောဖူဂျန်နှင့် အရွယ်အစားတူညီလျက်ရှိသည်။ Type 076 ကမ်းထိုးရေယာဉ်သည် GJ-11 ကိုယ်ပျောက်ဒရုန်းကဲ့သို့သော မောင်းသူမဲ့စနစ်များတပ်ဆင်အသုံးပြုနိုင်သည့်အပြင် မောင်းသူပါလေယာဉ်များကိုလည်း တင်ဆောင်နိုင်မည်ဖြစ်သည်။

အီလက်ထရိုမဂ္ဂနက်တစ်အထောက်အကူပြု လေယာဉ်လွှတ်တင်မှုစနစ်သည် သမားရိုးကျ လေယာဉ်လွှတ်တင်မှုစနစ်နှင့် နှိုင်းယှဉ်မည်ဆိုလျှင် ပစ်လွှတ်နိုင်မှုနှင့် လေယာဉ်များ၌ လက်နက်ခဲယမ်းတင်ဆောင်နိုင်မှု ပိုမိုမြင့်မားသောကြောင့် တရုတ်နိုင်ငံ၏ ရေတပ်ခေတ်မီအဆင့်မြှင့်တင်ရေးနှင့် မျိုးဆက်သစ်ကုန်း၊ ရေနှစ်သွယ်စွမ်းဆောင်ရည်များဖြင့် အာဏာဖြန့်ကြက်ရေးရည်မှန်းချက်တို့ကို မီးမောင်းထိုးပြသလျက်ရှိသည်။

Type 076 အမျိုးအစားကမ်းထိုးရေယာဉ်ဖြစ်သည့် Sichuanသည် ရေတပ်ဆိုင်ရာတီထွင်ဆန်းသစ်တိုးတက်လာမှုကို ထင်ဟပ်စေလျက်ရှိပြီး သမားရိုးကျတပ်ဖွဲ့များ တပ်ဖြန့်ချထားသည့် မစ်ရှင်ထက် ပူးတွဲမောင်းသူမဲ့အထူးစစ်ဆင်ရေး ရေယာဉ်တာဝန်ကိုလည်း ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။ ကမ်းထိုးရေယာဉ်များတွင် အီလက်ထရိုမဂ္ဂနက်တစ်အထောက်အကူပြု လေယာဉ်လွှတ်တင်မှုစနစ် တပ်ဆင်ထားသည့် ပထမဆုံးသင်္ဘောဖြစ်သော ၎င်းကမ်းထိုးရေယာဉ်သည် အရွယ်အစားကြီးမားပြီး တာဝေးပျံသန်းနိုင်သော လေယာဉ်များ၊ GJ-11 ၊ WZ-7 ကဲ့သို့သော ဒရုန်းများအပြင် Caihong အမျိုးအစား မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ်များကို တင်ဆောင်ပစ်လွှတ်သွားနိုင်မည်ဖြစ်သည်။

၎င်းရေယာဉ်သည် အထူးစစ်ဆင်ရေးတပ်ဖွဲ့များနှင့် ဝေဟင်၊ ရေပြင်နှင့်ရေအောက်မောင်းသူမဲ့ယာဉ်များကို ပေါင်းစပ်ထားသောကြောင့် ချေမှုန်းတိုက်ခိုက်မှုများနှင့် တိကျမှုရှိသော ကမ်းထိုးစစ်ဆင်မှုများအပါအဝင်အမျိုးမျိုးသောမစ်ရှင်များကို ထိန်းချုပ်ပြောင်းလဲထမ်းဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် Type 076ကမ်းထိုးရေယာဉ်သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)၏ အာဏာဖြန့်ကြက်မှုတွင် မဟာဗျူဟာမြောက်တိုးတက်မှုအဖြစ် ဖော်ပြလျက်ရှိသည်။




အထူးသဖြင့် ၎င်းရေယာဉ်၏ လေယာဉ်ကုန်းပတ်ကိုနည်းလမ်းနှစ်သွယ်ဖြင့် အသုံးပြုနိုင်သော လွှတ်တင်စနစ်တို့သည်လေယာဉ်များကို လိုက်လျောညီထွေပျံတက်နိုင်စေသကဲ့သို့ရေလုံသော ကုန်းပတ်သည် ကမ်းထိုးစစ်ဆင်မှုများကို ထမ်းဆောင်နိုင်စေသည်။ ၎င်းရေယာဉ်၏ အရွယ်အစားနှင့် လုပ်ငန်းတာဝန်ထမ်းဆောင်နိုင်မှုတို့သည် ရဟတ်ယာဉ်တင်တိုက်ခိုက်ရေးသင်္ဘော(LHA)နှင့် လေယာဉ်တင်သင်္ဘောအဖြစ်လည်း ရပ်တည်နိုင်သောကြောင့် ပူးတွဲအမိန့်ပေးတာဝန်များကို ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။

Type 076 ကမ်းထိုးရေယာဉ်သည် တရုတ် (တိုင်ပေ)အရေးနှင့်စပ်လျဉ်း၍ အကြီးစားထိုးစစ်များ မဆင်နွှဲမီကွပ်ကဲမှုဌာနများ တံ့ဆိုင်းရပ်တန့်သွားစေရန်နှင့် ကာကွယ်ရေးစနစ်များကို ဟန့်တားနှောင့်ယှက်ရန် ဒရုန်းအုပ်စုများနှင့် အထူးတပ်ဖွဲ့များ တပ်ဖြန့်ချသွားမည်ဖြစ်သည်။ ၎င်းစစ်ရေယာဉ်သည် အပေါ့စား လေယာဉ်တင်သင်္ဘောအဖြစ် တာဝန်ထမ်းဆောင်ကာ တရုတ်ရေတပ်သုံးတိုက်လေယာဉ်များကို တပ်ဖြန့်ချသွားနိုင်မည်ဖြစ်သည့်အတွက် အသက်အန္တရာယ် လွတ်မြောက်နိုင်စွမ်းမြှင့်တင်နိုင်ပြီး အကြီးစားလေယာဉ်တင်သင်္ဘောများနှင့် နှိုင်းယှဉ်ပါကလိုက်လျောညီထွေ တာဝန်ထမ်းဆောင်စေနိုင်မည်ဖြစ်သည်။

ဒရုန်းတင်သင်္ဘော၊ ကုန်း၊ ရေနှစ်သွယ်ပို့ဆောင်ရေးရေယာဉ်နှင့် လေကြောင်းအထောက်အကူပြုသင်္ဘောတာဝန်များကို ပေါင်းစပ်ထမ်းဆောင်သွားမည့် Type 076 ကမ်းထိုးရေယာဉ်၏ အခန်းကဏ္ဍသည် တရုတ်နိုင်ငံ၏ လေယာဉ်တင်သင်္ဘောနှင့် ကမ်းထိုးရေယာဉ်တို့ကြားလစ်ဟာမှုကို ပေါင်းကူးပေးနိုင်မည်ဖြစ်သည့်အတွက် ရေလက်ကြားဖြတ်ကျော်စစ်ဆင်မှုအတွက် ကန့်သတ်ချက်ဖြစ်နေသော လေယာဉ်တင်သင်္ဘောစွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ တရုတ်စစ်ရေးစွမ်းဆောင်ရည်ဆိုင်ရာ ၂၀၂၄ ခုနှစ် အစီရင်ခံစာ၌ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်(PLAN)၏ ကုန်း၊ ရေနှစ်သွယ်စစ်ဆင်ရေးတွင် Type 076 အမျိုးအစားကမ်းထိုးရေယာဉ်အပြင် Type 071 Yuzhao အမျိုးအစား ကမ်းထိုးယာဉ်ရှစ်စီး၊ Type 075 Yushen အမျိုးအစား သင်္ဘောသုံးစီးနှင့် ၂၀၂၄ ခုနှစ်တွင် စမ်းသပ်မောင်းနှင်ခဲ့သည့် Type 075 သင်္ဘောလေးစီးတို့ပါဝင်ကြောင်း ဖော်ပြထားသည်။

အကြီးစားကုန်းပတ်များပါရှိသော အဆိုပါတိုက်ခိုက်ရေးသင်္ဘောများသည် တာဝေးမစ်ရှင်များထမ်းဆောင်နိုင်ရေးအတွက် ကမ်းတက်ရေယာဉ်များ၊ သံချပ်ကာများ၊ ရဟတ်ယာဉ်များနှင့် မရိန်းတပ်ဖွဲ့များတင်ဆောင်နိုင်သည်။ ထို့ပြင် Type 076 ကမ်းထိုးရေယာဉ်သည် သက်တမ်းရင့်ကမ်းထိုးရေယာဉ်များနေရာတွင် အစားထိုးတာဝန်ထမ်းဆောင်သွားမည်ဖြစ်သည့်အတွက် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာပြီးဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်း၊ ရေ နှစ်သွယ်စစ်ဆင်ရေးများကို လိုက်လျောညီထွေ ထမ်းဆောင်သွားနိုင်မည်ဖြစ်သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ကုန်းပတ်ကြီးမားသည့် ကုန်း၊ ရေနှစ်သွယ်စစ်ဆင်ရေးသင်္ဘောကြီးများသည် တရုတ်(တိုင်ပေ)အရေးအပြင် ပင်လယ်ဓားပြနှိမ်နင်းခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးခြင်းအပြင် ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့် ရေတပ်ဆိုင်ရာ သံခင်းတမန်ခင်း မစ်ရှင်များအတွက်လည်း ဝေးကွာသည့်ပင်လယ်ပြင်များ၌ တပ်ဖြန့်ချထားနိုင်မည်ဖြစ်သည်။

၎င်းရေယာဉ်ကြီးများသည် အိန္ဒိယသမုဒ္ဒရာ၊ ဒေဝပင်လယ်ကွေ့နှင့် အရှေ့တောင်အာရှဒေသတို့တွင် စစ်ဆင်ရေးတာဝန်များပါဝင်ထမ်းဆောင်လျက်ရှိသောကြောင့် နိုင်ငံပေါင်းစုံပါဝင်သောစစ်ရေးလေ့ကျင့်မှုနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်မှုစစ်ဆင်ရေးများအတွက် လေကြောင်းသယ်ယူပို့ဆောင်မှု၊ အုပ်ချုပ်ထောက်ပံ့မှုနှင့် အမိန့်ပေးကွပ်ကဲမှုတာဝန်များကို အထောက်အကူပြုလျက်ရှိသည်။ ၎င်းရေယာဉ်ကြီးများ၏ ကြံ့ကြံ့ခံနိုင်မှုနှင့်ဝေးကွာသောနေရာများထိ တာဝန်ထမ်းဆောင်နိုင်မှုသည် တရုတ်နိုင်ငံ၏ အာဏာဖြန့်ကြက်နိုင်မှုကိုချဲ့ထွင်နိုင်ပြီး ပင်လယ်ရပ်ခြားအခြေစိုက်စခန်းများကို အားသစ်လောင်းစေနိုင်မည့်အပြင် ကမ္ဘာလုံးဆိုင်ရာ တပ်ဖြန့်ချထားနိုင်မှုရည်မှန်းချက်ကို မြှင့်တင်နိုင်ပြီး မဟာဗျူဟာမြောက်နှင့် စီးပွားရေးဆိုင်ရာအကျိုးစီးပွားများကို ကာကွယ်နိုင်သည့် တပ်ဖွဲ့များ ရုတ်ခြည်းဖွဲ့စည်းနိုင်စေမည်ဖြစ်သည်။

သို့သော် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)သည် လွန်ခဲ့သော နှစ် ၅၀ ကျော်ကာလအတွင်း အကြီးစား ကုန်း၊ ရေနှစ်သွယ်စစ်ရေးလေ့ကျင့်ခန်းများ လုပ်ဆောင်ခဲ့ခြင်းမရှိသဖြင့် ကုန်း၊ ရေနှစ်သွယ်စစ်ရေယာဉ်စုများသည် သယ်ယူပို့ဆောင်ရေးပြုလုပ်ရာ၌ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို ရင်ဆိုင်သွားရဖွယ်ရှိနေသည်။ အထူးသဖြင့် တရုတ်စစ်ရေယာဉ်များသည် ရေအောက်ခြိမ်းခြောက်မှုများ၊ မိုင်းများနှင့်လေကြောင်းတိုက်ခိုက်မှုများရှိနေသကဲ့သို့ ရန်သူများ၏ ပစ်ခတ်မှုအောက်တွင် ပင်လယ်ရေလမ်းကြောင်းများကို စဉ်ဆက်မပြတ်ထိန်းသိမ်းထားရန်ခက်ခဲစေမည်ဖြစ်သည်။ ထို့ပြင် အမေရိကန်နှင့်မဟာမိတ်များ၏စွက်ဖက်မှုသည် ဘေးအန္တရာယ်ပိုမိုမြင့်မားလာစေနိုင်သည်။ အလားတူ တရုတ်နိုင်ငံအနေဖြင့် စက်သုံးဆီ၊ ရိက္ခာနှင့် အုပ်ချုပ်ထောက်ပံ့မှုတို့အတွက် ပြည်ပစစ်အခြေစိုက်စခန်းများ မရှိခြင်းသည် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာအင်အားဖြန့်ကြက်မှုတို့အတွက် စွမ်းဆောင်ရည်ကန့်သတ်ချက်ဖြစ်ပေါ်စေနိုင်သည်။

သို့သော် တရုတ်စစ်ရေးလေ့လာသုံးသပ်သူများကမူ ပြည်ပစစ်အခြေစိုက်စခန်းများသည် စစ်မက်ဖြစ်ပွားချိန်၌ အားနည်းချက်ရှိနိုင်သောကြောင့် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘောဒီးယားနှင့် ဆော်လမွန်ကျွန်းစုများကဲ့သို့သော နေရာအသီးသီးတွင် သဘောတူညီချက်များရရှိထားသော်လည်း စစ်အခြေစိုက်စခန်းများ ထပ်မံတည်ဆောက်သွားလိုသောဆန္ဒမရှိကြောင်း သုံးသပ်ပြောကြားသွားခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံ၏ပင်လယ်ရပ်ခြားစစ်အခြေစိုက်စခန်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖိအားများ၊ ကန့်သတ်ချက်ရှိနေသောဆေးဝါးနှင့် အုပ်ချုပ်ထောက်ပံ့မှုစွမ်းရည်နှင့် မသေချာမရေရာသော ဒေသဆိုင်ရာနိုင်ငံရေးအခြေအနေတို့နှင့်လည်းရင်ဆိုင်နေရကြောင်း၊ ထို့ကြောင့် ပြည်ပအခြေစိုက်စခန်းများသည် ပဋိပက္ခဖြစ်ပေါ်လာသည့်အချိန်တွင် စစ်ရေးဆိုင်ရာအထောက်အပံ့များထက် ဝန်ထုပ်ဝန်ပိုးများဖြစ်ပေါ်စေနိုင်ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် သုတေသနပညာရှင်များက သုံးသပ်ဖော်ပြထားသည်။

ဆိုရလျှင် တရုတ်နိုင်ငံသည် ပြည်ပနိုင်ငံများတွင် စစ်အခြေစိုက်စခန်းများဖွင့်လှစ်ရန်ထက် Type 076 ကဲ့သို့သော တိုက်ခိုက်ရေးကမ်းထိုးရေယာဉ်များ အပါအဝင် လေယာဉ်တင်သင်္ဘောကြီးများ၊ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ၊ ဖရီးဂိတ်သင်္ဘောများ၊ ဖျက်သင်္ဘောများ၊ ကော်ဗက်စစ်ရေယာဉ်များနှင့် ကမ်းလွန်ကင်းလှည့်ရေယာဉ်များကို စဉ်ဆက်မပြတ်တည်ဆောက်ကာ ပင်လယ်ရေကြောင်းစွမ်းဆောင်ရည်များတိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

**– China's Type 076 blurs line between carrier and assault ship by Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

# ဘဝအနာဂတ်လှပရေး မူးယစ်ဆေးဝါး တိုက်ဖျက်ပေး

ထက်ဝေအောင်(စစ်ကိုင်း)

လူသည် အသိဉာဏ်ပညာ မြင့်မားမှုအလျောက် လှပမှုကို မြတ်နိုးကြသည်။ အသံသာယာမှု၊ အထိအတွေ့သာယာမှုကို နှစ်သက်သည်။ ခံစားချက်ကိုယ်စီဖြင့် လူအချင်းချင်း ဆွဲဆောင်နိုင်ရေး၊ ပို၍လုံခြုံသော အသိုက်အဝန်းတစ်ခုတည်ဆောက်ရေးအတွက် ဘဝကိုအခြေခံမှုစ၍ အထက်တန်းကျကျဖြစ်လာသည်ထိ ရုန်းကန်ကြသည်။ ရုန်းထွက်နိုင်မှုသည် တိုးတက်မှုဖြစ်သည်။ လူတစ်ဦးချင်းစီ၏ ရွှေရောင်အနာဂတ်သည် ကမ္ဘာကြီးကို ပိုမိုတင့်တယ်အောင် စွမ်းဆောင်မှုနှင့်အလားသဏ္ဍာန်တူပေသည်။ အနာဂတ်လူ့ဘောင်သစ်ကို ပခုံးထမ်းတာဝန်ယူကြမည့်လူငယ်လေးများ၏ တီထွင်ကြံဆမှုစိတ်ကူးစိတ်သန်းများကို အားပေးကြရမည်ဖြစ်သည်။

လူငယ်နှင့် စူးစမ်းလိုစိတ်သည် ဆက်စပ်နေသည်။ စူးစမ်းလိုစိတ်မှတစ်ဆင့် လက်တွေ့စမ်းသပ်လိုစိတ်ကို ဖြစ်စေသည်။ လူငယ်များအနေဖြင့် စူးစမ်းစိတ်ကို အခြေခံ၍ မိဘများ၏နောက်ကွယ်တွင် ဆေးလိပ်၊ အရက်စတင်သုံးစွဲသည်။ မူးယစ်ရီဝေခြင်း၊ မိန်းမောခြင်းကို နှစ်ခြိုက်လာချိန်တွင် သုံးစွဲလိုစိတ်ကို တစ်ဆင့်မြှင့်ချင်လာသည်။ အိမ်ပြင်ပတွင် တွေ့ကြုံနေမည့်အခြေအနေတချို့ကို မိဘများမသိရှိနိုင်ပေ။ မိဘများအနေဖြင့် ဘဝစေရာ မနေသာဆိုသည့်အတိုင်း စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသည်။ အပေါင်းအသင်းအပေါ် ယုံလွယ်ခြင်းက မကောင်းလှပေ။ လူငယ်အများစုအပေါင်းအသင်းကို ခင်မင်မက်မောကြသည်။ သူငယ်ချင်းများဝိုင်းဖွဲ့၍ ဂစ်တာတီး၊ သီချင်းဆိုခြင်းသည် အပြစ်မဟုတ်သော်လည်း ဆေးလိပ်၊ ကွမ်း တစ်မျိုးမျိုးသုံးစွဲခြင်း၊ အရက်သောက်ခြင်းများသည် ဘဝတွင်အန္တရာယ်ဟု သတ်မှတ်နိုင်ပေသည်။

လူငယ်နှင့် ပျော်ရွှင်မှုသည် ခေတ်ကာလအလိုက် တည်ရှိနေမည်ဖြစ်သည်။ သို့သော် အပျော်နှင့် အပျက် ခွဲခြားရှုမြင်ကြရပေမည်။ အပျော်သည် စိတ်ကြည်ရွှင်မှုကိုဖြစ်စေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပျော်ပွဲရွှင်ပွဲများနှင့်ပြည့်နှက်နေသည်။ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများရှိသကဲ့သို့ နေ့ရက်တိုင်း အပျော်ဖန်တီးနိုင်သည့် နေရာများစွာတည်ရှိနေသည်။ ငွေကြေးကြွယ်ဝသူများက ပါတီပွဲ၊ မွေးနေ့ပွဲများ ခမ်းနားစွာပြုလုပ်ပြီး လူ့စိတ်ကို ရွှင်မြူးတက်ကြွစေသည့် အတီးအမှုတ်၊ အကခုန်များ ထည့်သွင်းစီစဉ်သကဲ့သို့ အရက်၊ ဘီယာ အစပြုသော မူးယစ်ဆေးဝါးများလည်း ပါဝင်နိုင်သည်။ အစမလုပ်နှင့် ဆိုစကားရှိသည်။ အရက်သောက်မိလျှင်ပင် ဖြတ်ရခက်လွန်းလှသည်။ မိမိစိတ်ကို နိုင်နင်းသည် အထင်ဖြင့် လက်တည့်မစမ်းသင့်ပါပေ။ မူးယစ်ဆေးဝါးများသည် အရက်၊ ဆေးလိပ်ထက်ပင် ပို၍ဆိုးရွားနေပါသည်။ ယနေ့မူးယစ်ဆေးများသည် အမျိုးအမည်အမျိုးမျိုးဖြင့် လူငယ်များကိုလှည့်ဖြားနေခြင်းဖြစ်ပေသည်။

လူငယ်များ၏ အသိဉာဏ်သည်ထက်မြက်လှသည်။ မူးယစ်ဆေးဝါး၏ သားကောင်မဖြစ်သင့်သူများလည်းဖြစ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲလျှင် ပထမဦးစွာ စိတ်ဓာတ်ယိုယွင်းပျက်စီးလာနိုင်သည်။ စိတ်ထက် သူက စိတ်ကျသူဖြစ်သွားနိုင်သည်။ အပေါင်းအသင်းကြောင့်ဟု လက်ညှိုးထိုးနိုင်သကဲ့ မိမိကိုယ်တိုင် ထိန်းသိမ်းခြင်းဆိုင်ရာ ခေါင်းစဉ်အောက်မှ နေထိုင်လျက် ကာကွယ်မှုပြုရမည်ဖြစ်သည်။ ဘယ်သူမပြု မိမိမှုသာဖြစ်သည်။ မိမိ၏ တက်လမ်း၊ ကျလမ်းကို မိမိကိုယ်တိုင် ဖန်တီးတည်ဆောက်ရလေ့ရှိသည်။ လူငယ်သည် လောကကိုအလှဆင်နိုင်သည့် အနာဂတ်ပန်းကလေးများဖြစ်သည်။ ဖူးတံထွက်၍ ပွင့်ရန်အသင့်ရှိနေသူများဖြစ်ပါသည်။

မူးယစ်ဆေးစွဲသူတစ်ယောက်၏ဘဝနှင့် သာမန်ဘဝကို နှိုင်းယှဉ်ကြည့်ရပါမည်။ အသိစိတ်ခြင်း မတူညီနိုင်သည်ကိုတွေ့ရမည်။ ရိုးသားမှုအားနည်းလာမည်။ ခုခံအားကျဆင်းလာပြီး ရောဂါပိုးအမျိုးမျိုး ဝင်လာနိုင်သည်။ ဆေးစွဲသည်နှင့် ဆေးဖြတ်ရန် ပထမဦးစွာ စဉ်းစားရမည်ဖြစ်သည်။ ဆေးရုံနှင့် ဆေးဖြတ်စခန်းများတွင် စနစ်တကျဆေးဖြတ်ရမည်ဖြစ်သည်။ လူငယ်ရေးရာပြဿနာများကို မိဘ၊ ဆရာအသိုင်းအဝိုင်းမှ ဟန်ချက်ညီညီ ထိန်းသိမ်းတည့်မတ်ပေးရာတွင် လူငယ်များ စိတ်ခံစားချက်ကို ကနဦးနားလည်ထားကြရသည်။ ပြဿနာတစ်ရပ်သည် စနစ်တကျအဖြေရှာ၊ စနစ်တကျဖြေရှင်းပေးရလေ့ရှိသည်။ ပြဿနာတွေ့လျှင် ခေါင်းရှောင်ချင်စိတ်သည် အကောင်းဆုံးပြဿနာဖြေရှင်းနည်း မဟုတ်ပေ။ ရှောင်ထွက်ခြင်းသည်လည်း အကောင်းဆုံးအဖြေမဟုတ်သဖြင့် ပွင့်လင်းမြင်သာစွာလေ့လာပြီး ရင်ဆိုင်နိုင်မှ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

**❖ လူငယ်များ၏ အသိဉာဏ်သည်ထက်မြက်လှသည်။ မူးယစ်ဆေးဝါး၏ သားကောင်မဖြစ်သင့်သူများလည်းဖြစ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲလျှင် ပထမဦးစွာ စိတ်ဓာတ်ယိုယွင်းပျက်စီးလာနိုင်သည်။ စိတ်ထက်သူက စိတ်ကျသူဖြစ်သွားနိုင်သည်။ အပေါင်းအသင်းကြောင့်ဟု လက်ညှိုးထိုးနိုင်သကဲ့ မိမိကိုယ်တိုင် ထိန်းသိမ်းခြင်းဆိုင်ရာခေါင်းစဉ်အောက်မှ နေထိုင်လျက် ကာကွယ်မှုပြုရမည်ဖြစ်သည်။ ဘယ်သူမပြု မိမိမှုသာဖြစ်သည်။ မိမိ၏တက်လမ်း၊ ကျလမ်းကို မိမိကိုယ်တိုင် ဖန်တီးတည်ဆောက်ရလေ့ရှိသည်။ ❖**

မျက်မှောက်ကာလတွင်မူ ဝိသမလောဘသားတို့၏ ရလိုစိတ်လောဘတစ်ရပ်ဖြင့် စွမ်းဆောင်ချက်က လူငယ်ထုကို ပစ်မှတ်ထားလာကြသည်။ လူသည် စွဲလန်းလွယ်သည်မဟုတ်ပါလား။ လူငယ်များ၏ လက်ထဲ မူးယစ်ဆေးရောက်ရှိစေရန် ကြိုးစားလာသူများ၏ချဉ်းကပ်လာမှုကို သတိမူကြရမည်။ ပြည်သူအားလုံးပူးပေါင်းပါဝင်၍ တရားဥပဒေနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။ မူးယစ်ဆေးအစ ဆေးလိပ်ကဟူ၍ဆိုသည့်အတိုင်း ဆေးလိပ်သောက်ရာမှ တဖြည်းဖြည်း အဆင့်တက်စမ်းသပ်မှုဖြစ်သည်။ ကောင်းသည့်ဘက်တွင် အဆင့်တက်ခြင်းသည် မင်္ဂလာရှိပေသည်။ စတိုင်ရှိမှုစတားဖြစ်မည်ဟူသောအတွေးသည် မှန်သင့်သလောက် မှန်ကန်သော်လည်း စတိုင်ရှိတိုင်း စတားတစ်ယောက်မဖြစ်နိုင်ပေ။ အောင်မြင်သူတစ်ယောက်တွင် ရှိသင့်ရှိထိုက်သော စတိုင်ရှိသည်။ ဆေးလိပ်သောက်ခြင်းသည် စတိုင်ဟူ၍ မမှတ်ယူသင့်ပေ။

လူငယ်များ ယဉ်ကျေးသိမ်မွေ့စေရေး မိဘဆရာများမှ ပြုပြင်ပေးကြရသည်။ လမ်းကောင်းကို တည့်မတ်ပေးရသည်။ လမ်းကောင်းဟုဆိုရာတွင် သွားသင့်သည့်လမ်း၊ ပေါင်းသင့်သည့်လူကို ဂရုတစိုက် ညွှန်ပြကြရသည်။ ကျန်းမာရေး၊ လူမှုရေး မချို့ယွင်းရအောင် သွန်သင်ဆုံးမပေးရမည်သာဖြစ်သည်။ လူငယ်သည် ကလေးအရွယ်မှ ကူးပြောင်းလာသောသူများဖြစ်ကြသဖြင့် စိတ်မြန်ကိုယ်မြန်ရှိကြသည်။ သို့သော် လူငယ်သည် သိလွယ်မြင်လွယ်သည်။ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းအားလည်း မြင့်မားသည်။ အပေါင်းအသင်း၊ သူငယ်ချင်းများ အပေါ်တွင် ခင်တွယ်လိုစိတ်၊ အထင်ကြီးစိတ်ပိုမိုသည်။ လူငယ်များအတွက် မိတ်ကောင်းဆွေကောင်းနှင့် ပတ်ဝန်းကျင်ကောင်းလိုအပ်သည်။ ပတ်ဝန်းကျင်၏ စေ့ဆော်မှုက လွန်စွာခရီးရောက်လှသည်။ လူငယ်တစ်ယောက်၏ ဘဝလမ်းလွဲရောက်အောင်ပို့ဆောင်ပေးနိုင်သည်။

လူငယ်များအတွက် အားကိုးအားထားပြုရာ မိဘရှိသည်။ ဗဟုသုတတိုးပွားစေသည့် စာကောင်းပေမွန်ရှိသည်။ ဘဝတည်ငြိမ်အေးချမ်းမှုကို ဖြစ်စေသည့်၊ ဦးနှောက်ကိုကောင်းစွာအလုပ်ပေးသည့် တီထွင်ဖန်တီးနိုင်သည့် စာပေ၊ ဂီတ၊ လက်မှုပညာရပ်များစုံလင်စွာရှိသည်။ မျက်မှောက်ခေတ်ရေစီးကို ကြည့်ပါလျှင် သာလွန်တိုးတက်မှု၊ ဖန်တီးနိုင်မှုအခြေအနေကောင်းများရရှိထားသည်။ မိမိတို့ပတ်ဝန်းကျင်တွင် စာကောင်းပေမွန်များ ဖတ်ရှုနိုင်သကဲ့သို့ အင်တာနက်ပေါ်မှ ဗဟုသုတဖြစ်ဖွယ်အကြောင်းအရာများစွာကို လေ့လာအားထုတ်နိုင်သည်။ အွန်လိုင်းသည် အသုံးချလိုတရ လွယ်အိတ်တစ်လုံး ပမာတူသည်။ လက်မှုပညာ၊ နည်းပညာနှင့် ဟင်းချက်နည်း၊ စိုက်ပျိုးနည်းများ စုံလင်စွာတွေ့ရသည်။ လိုလျှင်ကြံဆနည်းလမ်းရ သာဖြစ်သည်။ အားကစားလိုက်စားလိုသူ လူငယ်များအနေဖြင့် အားကစားလေ့ကျင့်ခန်းများကို စနစ်တကျ လေ့လာအားထုတ်နိုင်သည်။ အင်္ဂလိပ်စာ၊ ဂျပန်စာကဲ့သို့ ဘာသာရပ်များကိုလည်း မိမိ၏စိတ်ပါဝင်စားမှု အတိုင်းအတာဖြင့် သင်ယူလေ့လာနိုင်ကြပေသည်။

မူးယစ်ဆေးနှင့်ဝေးသော လူငယ်များအတွက် မနက်ဖြန်တိုင်းသည် လှပနေမည်သာဖြစ်သည်။ မူးယစ်ဆေးနှင့် အဝေးဆုံးခရီးသို့ရောက်လျှင် ပို၍ကောင်းပေသည်။ မူးယစ်ဆေးသည် လူကိုအကျိုးမပြု ဘေးကိုသာဖြစ်စေသည်။ သုံးဖူးသူတိုင်းစွဲကြသည်။ စွဲဖူးသူတိုင်း မူးယစ်နွံအတွင်း သက်ဆင်းကြရသည်။ မူးယစ်ဆေးသည် မိမိနှင့် အနီးဆုံးနေရာသို့ ရောက်ရှိလာလျှင် သိပ်စွဲဆောင်သူဖြစ်သည်။ လက်ဝယ်ကိုင်ဆောင်သူများအတွက်လည်း လွန်စွာအန္တရာယ်ကြီးလှသည်။ မူးယစ်ဆေး၏အရသာကို သိချင်စိတ်ဖြင့် စူးစမ်းမိရာမှစမိသောပြဿနာကို ဖြေရှင်းကြရာတွင် မူးယစ်ဆေးဝါးထုတ်လုပ်၊ ဖြန့်ဖြူးသူများကို တားဆီးသကဲ့သို့ ကာယကံရှင်လူငယ်များမှလည်း မစမိအောင် အထူးရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ကိုကင်း၊ အက်ဖတမင်း၊ စိတ်ကြွဆေး၊ စိတ်ငြိမ်ဆေး၊ ဆေးခြောက်ကဲ့သို့သော မူးယစ်ဆေးဝါးများသည် နိုင်ငံတော်ဖွံ့ဖြိုးရေးအခန်းကဏ္ဍကို အဟန့်အတားဖြစ်စေသည်။ လူငယ်ထုအတွက် ဆူးငြောင့်ခလုတ်များလည်းဖြစ်သည်။ မူးယစ်ဆေးသုံးစွဲခြင်းက စိတ်ကြွခြင်းသည် ခဏတာဖြစ်ပြီး စိတ်ကျစေသည်။ စိတ်ဓာတ်ကြံ့ခိုင်မှု လျော့ကျလာပြီး ထင်ယောင်ထင်မှား စိတ်ဂယောင်ချောက်ချားဖြစ်လာမည်။ ကာယ၊ ဉာဏစွမ်းအားများ လျော့ကျလာပြီး လေးလံထိုင်းမှိုင်းလာမည်ဖြစ်သည်။ မူးယစ်ဆေးဟူသမျှ သုံးစဉ်ခဏ တက်ကြွနေမည်ဖြစ်သော်လည်း သွေးသားဆန္ဒမပြည့်ဝသည့်အခါ စိတ်ရိုင်းများလည်း ဝင်လာနိုင်သည်။ မိဘ၊ သူငယ်ချင်းမိတ်ဆွေများပင်မသိနိုင်ပေ။ ကိုယ်ထိလက်ရောက် ရိုက်ပုတ်ခြင်း၊ သတ်ဖြတ်ခြင်းများအထိ ပြုလုပ်နိုင်သည်။ မူးယစ်ဆေးသုံးသူများသည် အကျင့်စာရိတ္တပိုင်းပါ ထိပါးလာသည်။ ဆေးသုံးစွဲလိုစိတ်ဖြင့် ခိုးယူခြင်း၊ လုယက်ခြင်းများ ပြုလုပ်နိုင်သည်။ မိမိကိုယ်ကိုယ်ဖျက်ဆီးရုံသာမက ပတ်ဝန်းကျင်ကိုပါ ပျက်စီးစေနိုင်သည့် မူးယစ်ဆေးသုံးစွဲမှုပြဿနာဖြစ်သည်။

လူငယ်အသီးသီးသည် ယှဉ်ပြိုင်မှုပုံစံဖြင့် အနာဂတ်လူ့ဘောင်သစ်ဆီ ချီတက်လျက်ရှိပေသည်။ ရဲရင့်သောယုံကြည်ချက်ဖြင့် ပြင်ဆင်မှု၊ ဖန်တီးတည်ဆောက်နိုင်မှုဖြင့် မစွဲလန်းသင့်သော အရသာလက်တည့်မစမ်းရန်လိုပေသည်။ ဒီဇိုင်းအမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုး ခံစားလိုစိတ်ရှိအောင် ဆွဲဆောင်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကို အသိနှင့်သတိယှဉ် ကျော်ခိုင်းရမည်ဖြစ်သည်။ ကောင်းမွန်သောနေထိုင်မှုပုံစံဖြင့် လောကကို မျက်နှာမူခြေချသူတိုင်း၏ တိကျပြတ်သားသော ကြိုးစားဆောင်ရွက်မှုကို ဂုဏ်ယူရမည်ဖြစ်သည်။ လောကအကျိုးစီးပွားပျက်စီးစေသူများ၏အန္တရာယ်မှန်သမျှကို ကာကွယ်တားဆီးပေးသူများနှင့် နေထိုင်ကျင့်ကြံမည့်လူငယ်များ ဟန်ချက်ညီကြပါလျှင် လောကတစ်ခွင်လုံးတွင် သာယာ မူးယစ်ကင်းစင်သွားမည်ဖြစ်ပါကြောင်း ယုံကြည်စွာဖြင့် ရေးသားလိုက်ရပါသည်။



## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာ့ကဗျာဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပြတ်သားသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉


KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Myanmar Mobile Money (MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊

Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊

Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊

ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း

အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


## ပျောက်ဆုံးကြောင်း

မကွေးတိုင်း မကွေးမြို့ ဆားစည်ရပ်နေ မောင်မြတ်ခန့်သာ (ဘ) ဦးသန်းနိုင်ဝင်း(၈/မကန(နိုင်)၂၃၉၇၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၆၇၉၇၁၇၈၅

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်နေ မောင်သန့်ဇင်အောင် (ဘ) ဦးမာတန်(ခ)ရန်အလုံ (၉/ခအဇ(နိုင်)၀၄၀၀၄၂)၏ နိုင်ငံကူးလက်မှတ်အမှတ် MG461137 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၃၁၀၃၈၀၉

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၁၅)ရပ်ကွက်နေ နိုင်ဌေး (ဘ) ဦးကံအောင် (၉/မခန(နိုင်)၁၆၂၃၃၄)၏ ပတ်စ်ပို့အမှတ် 328718 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၇၇၇၈၂၈၃၃

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ တောင်ကြီးရပ်ကွက် အရှေ့ဆင်တိုင်ရပ်နေ ဦးညွန့်နိုင်(ကွယ်လွန်)+ဒေါ်အေးအေးသင်း (ဘ) ဦးညှပ်ကြီး ၉/အမရ(နိုင်)၀၆၄၀၇၆ ကိုင်ဆောင်သူမှ ကြေညာအပ်ပါသည်။ ကျွန်မ၏ သားဖြစ်သူ မောင်ထက်မြတ်လင်းမှာ မိဘကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘကို အရှက်ရအောင် ပြုလုပ်ခြင်း၊ မိဘစကားကို နားမထောင်ခြင်းတို့ကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြေညာပါသည်။ နောက်နောင်တွင် ၎င်း၏ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်အေးအေးသင်း
(၉/အမရ(နိုင်)၀၆၄၀၇၆)
အရှေ့ဆင်တိုင်ရပ်၊ တောင်ကြီးရပ်ကွက်၊ အမရပူရမြို့။

## ဖခင်အမည်မှန်

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အမှတ်(၃၁) အခြေခံပညာအထက်တန်းကျောင်း Grade–4 (D) တွင် ပညာသင်ကြားနေသော မောင်သုတစိုင်း၏ ဖခင်အမည်မှန်မှာ ဦးချစ်ငြိမ်းအေး ဖြစ်ပါကြောင်း။

ဦးချစ်ငြိမ်းအေး
(၉/ပကခ(နိုင်)၀၀၀၅၈၆)

**COVID-19 ရောဂါကူးစက်မှုကိုတားဆီးကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်ကကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက် ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု




ရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

❖ ဒေသတစ်ခုနှင့် နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ အင်တိုက်အားတိုက် တိုက်ဖျက်လျက်ရှိ

## ရွှေကုက္ကိုလ်နယ်မြေအတွင်း Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်မှုရှိ၊ မရှိကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ရှင်းလင်းဆောင်ရွက်နေ

နေပြည်တော် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အသက်၊သွေး၊ချွေးများ၊ ယာဉ်ယန္တရားများ၊ ငွေကြေးများစွာကုန်ကျခံရင်းနှီးပေးဆပ်၍ ပူးပေါင်းပါဝင်တိုက်ဖျက်လျက်ရှိသည်။

ထိုသို့ Online လိမ်လည်လောင်းကစားမှုများကို တိုက်ဖျက်လျက်ရှိရာတွင် ကရင်ပြည်နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်မှုမရှိစေရေး နိုင်ငံတော်အစိုးရအနေဖြင့် ညွှန်ကြားထားရှိပြီး မြေပြင်တွင် လိုက်နာလုပ်ကိုင်ဆောင်ရွက်နေမှုရှိ၊ မရှိနှင့် တရားမဝင်လုပ်ငန်းများ လုပ်ဆောင်နေခြင်းရှိ၊ မရှိတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ယနေ့နံနက်ပိုင်းမှစ၍ စတင်ရှင်းလင်းဆောင်ရွက်နေပြီဖြစ်ပြီး စစ်ဆေးတွေ့ရှိမှုများကို ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

Online လိမ်လည်လောင်းကစားမှုများကို ကျူးလွန်ကြသူများအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍

စာမျက်နှာ ၂၄ ကော်လံ ၁ ☆

### မွန်တိုးတက်ရေးပါတီနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

မွန်တိုးတက်ရေးပါတီနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၁၉ တွင် ဖော်ပြပါရှိပါသည်။ ရတနာပုံ

### ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

စာမျက်နှာ - ၂၂

### ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန် ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများ အရေးယူ

စာမျက်နှာ - ၂၆

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိ၊ ကျောင်းကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများ စတင်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့သို့ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ တာဝန်ရှိသူများသည်

စာမျက်နှာ ၁၇ ကော်လံ ၁ ❑



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြစဉ်။

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ငုသိစ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် – နေပြည်တော် / တောင်ကြီး / မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင် / ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ / ပုဂံ (ညောင်ဦး) - ပခုက္ကူ / မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ / မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ / တောင်ငူ - ဆွာ - ရေနီ / ပုသိမ်


ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု